# ဓလေ့မှော်

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

**အင်္ဂုဝဂ်(ဓမ္မပဒ-၁၅၇)**


၁၃၈၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်၊ တနလာနေ့။ Monday, 23 September 2024 ၁၁၅၉


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြိုးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြိုး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကုန်လှောင်ရုံတစ်ခုအတွင်း ဆန်အိတ်များ သိုလှောင်ထားရှိမှုကို တွေ့ရစဉ်။

# ရေဘေးသင့်ဒေသများသို့ APTERR အစီအစဉ်ဖြင့် အရန်ဆန် တန် ၁၀၀၀ ကျော် ထောက်ပံ့ဖြန့်ဖြူးပေးသွားမည်

နေပြည်တော် စက်တင်ဘာ ၂၂

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR)အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန်ကို ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐


## ယနေ့ ဖတ်စရာ

### ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်


စာမျက်နှာ » ၈


### ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေး(OCV)တိုက်ကျွေးခြင်းလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအခမ်းအနား ကျင်းပ


စာမျက်နှာ » ၁၁


### စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၈၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ


စာမျက်နှာ » ၁၀




### ပြည်သူ့အတွက် သစ်တောရတနာ - သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများ Non-Timber Forest Products-NTFPs


ဆောင်းပါး
စာမျက်နှာ » ၁၆



ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် (၇) ရက်သာ လိုတော့သည်။

# အားလုံးလုံလီဝီရိယအားထုတ်မှုဖြင့် မူလအခြေအနေရရှိရေးကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၈ ရက်နေ့က ပျဉ်းမနားမြို့နယ် မင်္ဂလာဗျူဟာသာသနာ့ဗိမာန် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်းရှိရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ရေးပစ္စည်းများပေးအပ်ခဲ့စဉ် မူလအခြေအနေပြန်လည်ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ပျက်စီးဆုံးရှုံးခဲ့သည့်နေရာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ကဦးဆောင်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ကျေးလက်နေပြည်သူများ၏ ထိခိုက်ဆုံးရှုံးမှုမှာ များပြားလှသည်။ အထူးသဖြင့် ကျေးလက်နေပြည်သူအများစုမှာ စိုက်ပျိုးမွေးမြူရေးကို အဓိကအသက်မွေးဝမ်းကျောင်းပြုကြသဖြင့် ၎င်းတို့၏လူမှုစီးပွားဘဝများ ပျက်ပြားခဲ့ရသည်။ စက်တင်ဘာလ ၂၁ ရက်နေ့အထိ ရရှိထားသော စာရင်းများအရ မြို့နယ် ၅၆ မြို့နယ်တွင် လုံးဝပျက်စီးသည့်အဆောက်အအုံ ၂၁၄၉ လုံး၊ ရေဝင်နစ်မြုပ်ခဲ့သည့်နေအိမ် ၁၃၆၀၂၃၊ ပြည်သူ ၃၈၄ ဦး သေဆုံးပြီး ၈၉ ဦး ပျောက်ဆုံးလျက်ရှိသည်။ စာသင်ကျောင်း ၅၄၆ ကျောင်း၊ ဘာသာရေးအဆောက်အအုံ ၄၃၅၅ လုံး၊ တိရစ္ဆာန်မျိုးစုံ စုစုပေါင်း ၁၄၄၉၈၈ ကောင် သေဆုံးပြီး စပါးသီးနှံစိုက်ဧက ၇၃၅၄၆၁ ဧက ရေဝင်နစ်မြုပ်ခဲ့သည်။

စိုက်ပျိုးရေးလုပ်ငန်းတွင် အထူးသဖြင့် စပါးစိုက်ခင်း၊ ပဲစိုက်ခင်း၊ နှမ်းစိုက်ခင်းနှင့် အခြားသီးနှံစိုက်ခင်းများ ရေဝင်နစ်မြုပ်ပျက်စီးခဲ့သည်။ စပါးစိုက်ပျိုးသူ တောင်သူများအနေဖြင့် ရေပြန်ကျချိန်တွင် စပါးတစ်သီး ပြန်လည်စိုက်ပျိုးရန်အတွက် အခက်အခဲရှိမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က တတ်နိုင်သမျှ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အသိပေးထားပြီးဖြစ်သည်။ နွေသီးနှံများကို အပြည့်အဝပြန်လည်စိုက်ပျိုးပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် မိုးသီးနှံများအစား အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မွေးမြူရေးနှင့်ပတ်သက်၍ မွေးမြူထားသည့် ခိုင်းကျွဲ၊ ခိုင်းနွားများအပါအဝင် မွေးမြူရေးတိရစ္ဆာန်များနှင့် အခြားတိရစ္ဆာန်များ သေဆုံးခဲ့သည်။ မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရန်အတွက်လည်း နိုင်ငံတော်အနေဖြင့် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ လတ်တလောတွင် ရေဘေးသင့်ပြည်သူများ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကို ဦးစွာစီမံဆောင်ရွက်ပေးလျက်ရှိသည်။ ဆက်လက်၍ လယ်ယာမြေပြုပြင်ရေး၊ ထွန်ယက်စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

တောင်သူများအနေဖြင့် လာမည့်သီတင်းကျွတ်ကာလရောက်လျှင် ဆောင်းသီးနှံစိုက်ပျိုးရေးကို စတင်နိုင်မည်ဖြစ်၍ ပဲမျိုးစုံနှင့်အခြားသီးနှံများ စိုက်ပျိုးပြီးနောက် နွေစပါးစိုက်ပျိုးရေးကို ဆက်လက်ဆောင်ရွက်လိုကြမည် ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်း နည်းလေးမျိုးအပြင် စိုက်ပျိုးစရိတ်များပါ ပံ့ပိုးသွားခြင်းဖြင့် တောင်သူများဘဝ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိနိုင်ပြီး ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့်ဇူလိုင်လက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်ပေါင်း ၂၀ ကျော်ရှိ စပါးစိုက်ခင်း ဧကတစ်သိန်းကျော် ရေကြီးနစ်မြုပ်ပြီးနောက် စပါးအပါအဝင် အခြားသီးနှံများကို ပြန်လည်စိုက်ပျိုးနိုင်ခဲ့သည်။ ယခုရေမြုပ်စိုက်ခင်းများကို ပြန်လည်ပြုပြင်ပြီး ဆောင်းသီးနှံစိုက်ပျိုးပြီးနောက် နွေစပါးစိုက်ပျိုးခြင်းဖြင့် တောင်သူများ လူမှုစီးပွားဘဝ ပြန်လည်ဦးမော့လာနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ဧကော ၁၅ သန်းခန့်ရှိသဖြင့် ယခုစပါးစိုက်ဧကများ ပျက်စီးမှုများနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာမရှိချေ။ လက်ရှိတွင် ပြည်တွင်း၌ ဆန်စပါးလုံလောက်စွာရှိပြီး ဆန်စပါးလက်ကျန် အရန်ဆန်စုစုပေါင်း တန်ချိန် လေးသန်းခန့်ရှိသဖြင့် ပြည်တွင်းစားသုံးမှုအတွက် ဖူလုံလောက်ငမှုရှိသည်။ ပြည်သူများအနေဖြင့် မုန်တိုင်းအန္တရာယ်ကြောင့် ဆန်အတွက် အခက်မကြုံနိုင်ပေ။ လတ်တလောတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး တစ်ဆက်တည်းတွင် စိုက်ပျိုးမွေးမြူရေးအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အကြီးအကဲ၏ ရေဘေးသင့်ပြည်သူများအပေါ် ထားရှိသည့်စေတနာအတိုင်း ရေဘေးသင့်ပြည်သူများအနေဖြင့် ပျက်စီးဆုံးရှုံးမှုများအတွက် စိတ်ဓာတ်ကျရန်မလိုဘဲ နိုင်ငံတော်အစိုးရ၏ အားပေးကူညီ ပံ့ပိုးမှုများနှင့်အတူ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မူလအခြေအနေအတိုင်းသာမက ပိုမိုကောင်းမွန်သော လူမှုစီးပွားဘဝအခြေအနေကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။ ။

# အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ဖြင့် ဆက်လက်ဖြေရှင်းဆောင်ရွက်လျက်ရှိ တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်

မြန်မာနိုင်ငံသည် ၄-၃-၁၉၅၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုဆိုင်ရာပြဋ္ဌာန်းချက်အမှတ် ၂၉ ကို လက်ခံကျင့်သုံးလိုက်နာဆောင်ရွက်ခဲ့ပြီး အဓမ္မခိုင်းစေမှုပပျောက်စေရေးဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအစိုးရကို ပိုမိုထိရောက်စွာအထောက်အကူပြုနိုင်ရန် ၂၀၁၂ ခုနှစ်တွင် ILO ဆက်သွယ်ရေးအရာရှိတစ်ဦးကို မြန်မာနိုင်ငံတွင် လက်ခံထားရှိရန် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ် (Memorandum of Understanding-MoU) ကို လက်မှတ်ရေးထိုးခဲ့သည်။

နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ (Supplementary Understanding-SU) ကို ၂၀၀၇ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီး အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (Complaints Mechanism) ထူထောင်ကာ တိုင်ကြားချက်များကို လက်ခံဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM)ကို ၂၀၂၀ ပြည့်နှစ်တွင် ထူထောင်ပြီး လည်ပတ်ဆောင်ရွက်ခဲ့ရာတွင် အလုပ်သမားဝန်ကြီးဌာန အပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား အကောင်အထည်ဖော်ရေး အမျိုးသားကော်မတီမှ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ဤကဲ့သို့ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားချက်များကို အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism-NCM) မှ ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိရာ မည်သူမဆိုအဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်)နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့်လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၀၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com၊ moloffice 51@gmail.com၊ research. org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများမှ လုံခြုံစိတ်ချစွာဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့်အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနမှ အသိပေးကြေညာထားသည်။

# ၂၀၂၄ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ်စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "အဂတိကင်းစင်သည့် အသိုက်အဝန်း ဖော်ဆောင်နိုင်ရေး" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင် (စက်တင်ဘာ)ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ K.M.A တို့၏ "အဂတိကင်းစင်သည့် အသိုက်အဝန်း ဖော်ဆောင်နိုင်ရေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ နေသူရိန်၊ ကိုကိုအောင် (အလုပ်သမား)၊ ကိုဇော်ဌေး (ယဉ်ကျေးမှု)၊ ကိုရင်ကျော်၊ စိန်ဝင်းမော်တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်း၊ ကြည်လွင်ဦး (ရေနံ) တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ သီဟသိန်းတန်၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါး၊ ရန်ကုန်ဌေးဇော်၏ ကလေးအလုပ်သမားဆိုင်ရာဆောင်းပါး၊ တင်မာလွင်၏အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ ကိုဝင်းမော်ထွန်း၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ သန့်လွင်ထွန်း (MPA) ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ရဲထက်ဇော်၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး) တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ခြယ်မှုန်းသီ၊ မြသိန်း၊ ဆောင်းဝင်းလတ်၊ နွေကံ့ကော် (မြို့လှ)၊ ဒေါက်တာ စန်းဦး၊ မော် (သန်လျင်)တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေးနေပြည်တော်စာအုပ်ဆိုင် ဖုန်း ၀၆-၄၄၅၅၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၃၄၉၀၃၁၊ ၀၁-၈၃၈၁၄၄ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။**

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | – ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | – ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| စာတည်းမှူး | – ဦးဝင်းနိုင် | | |
| စာတည်းများ | – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | အငယ်တန်း သတင်းထောက်များ | – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | – ဒေါ်ဇင်မာဝင့် |
| | | စာပြင် | – ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် | – ဦးနိုင်လင်းကြည်၊ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | အီးမေးလ်နှင့် အွန်လိုင်း | – ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံးခွဲ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုံးပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၂၂

၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နှံနှက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ကြသည်။

**တက်ရောက်**

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး၊ ပြည်ထဲရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ပါမောက္ခဒေါက်တာရဲမြင့်နှင့် ဆေးရုံမှတာဝန်ရှိသူများ တက်ရောက်အားပေးကာ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ကြသည်ကို ရေသန့်၊ ကော်ဖီ၊ ကောက်ညှင်းပေါင်းနှင့် အကြော်စုံတို့ဖြင့် ဧည့်ခံကျွေးမွေးကြသည်။

ထိုသို့ လုပ်အားပေးရာတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း စုစုပေါင်း ၆၆၀ တို့က ဆေးရုံကြီးဝင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပရေးအတွက်ဆောင်ရွက်ခြင်း၊ ဆေးရုံအဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံဘေးထိစပ်နေသောသစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင့်တင့်တယ်စေရေး၊ လေဝင်လေထွက် ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေး အတွက် ခုတ်ထွင်ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်ရှိ ဌာနကြီးများနှင့် တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများနှင့်အတူ ဆေးရုံကြီးရှိ ဆရာဝန်၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ပျော်ရွှင်စွာဖြင့် အတူတကွ စုပေါင်းသန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ❐ ရွှေဖုံးမှ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယမန်နေ့နှံနှက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ အာဆီယံ+၃ အရန်ဆန်သိုလှောင်ရုံအတွင်း အရန်ဆန်များ စနစ်တကျသိုလှောင်ထားရှိမှုနှင့် သိုလှောင်ရုံများကြံ့ခိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက APTERR အစီအစဉ်ဖြင့် အရန်ဆန် ၁၀၀၂ ဒသမ ၇၁ တန်ကို ယခုကြုံတွေ့ခဲ့ရသည့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော တိုင်းဒေသကြီး/ပြည်နယ်များသို့ ထောက်ပံ့ဖြန့်ဖြူးပေးရေး ဆောင်ရွက်လျက်ရှိရာ ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်၍ သက်ဆိုင်ရာဒေသများသို့ အမြန်ဆုံးတင်ပို့ဖြန့်ဖြူးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများအားတွေ့ဆုံ၍ ရန်ကုန်တိုင်းဒေသကြီး၏ လယ်ယာကုန်ထုတ်လုပ်ငန်း ဆောင်ရွက်ချက်များကို ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လယ်ယာသားငါးထွက်ကုန်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းဒေသကြီးအတွင်းရှိဆည်၊ တာတမံများကြံ့ခိုင်ရေးနှင့် ဘေးကင်းလုံခြုံရေးအတွက် ကြိုတင်ဆောင်ရွက်ထားရှိရေး၊ ဦးစီးဌာနရှိဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/၈လ**

# နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ အာရှဒေသဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (AACC) ၏ (၆) ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့တက်ရောက်




**နေပြည်တော် စက်တင်ဘာ ၂၂**

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး ဥက္ကဋ္ဌ H.E. Mr.Nakharin Mektrairat ၏ ဖိတ်ကြားချက်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗန်ကောက်မြို့၌ "The Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျင်းပသည့် အာရှဒေသဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများအသင်း (Association of Asian Constitutional Courts and Equivalent Institutions-AACC)၏ (၆) ကြိမ်မြောက် ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

AACC အသင်းကြီး၏ (၆) ကြိမ်မြောက်ညီလာခံနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များ၊ ဥပဒေပညာရှင်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၁၈ ရက်တွင် ညီလာခံ ဖွင့်ပွဲအခမ်းအနားနှင့် ဘုတ်အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကို ကျင်းပ၍ အမြဲတမ်းအတွင်းရေးမှူးချုပ်ရုံး သုံးရုံးမှ ၎င်းတို့၏ ဆောင်ရွက်မှုအစီရင်ခံစာများကို တင်ပြခဲ့ကြပြီး AACC အသင်းကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် ညီလာခံအပြီးတွင် ထုတ်ပြန်မည့် ဗန်ကောက်ကြေညာစာတမ်း (The Bangkok Declaration) တို့အပေါ် ဆွေးနွေးဆုံးဖြတ်ခဲ့ကြသည်။

**အသိအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတများဖလှယ်**

စက်တင်ဘာ ၁၉ ရက်တွင် ညီလာခံကို ဆက်လက်ကျင်းပခဲ့ရာ ခုံရုံးဥက္ကဋ္ဌက "The Role of the Constitutional Courts and Equivalent Institutions in Strengthening Constitutional Justice for Sustainable Society" ခေါင်းစဉ်ဖြင့် ဆွေးနွေးရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ စနစ် ဖွံ့ဖြိုးတိုးတက်လာမှုများ အကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ အရေးပါပုံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စီရင်ပိုင်ခွင့်များ အကြောင်းနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ တရားစီရင်မှု အစရှိသည်တို့နှင့် စပ်လျဉ်း၍ ထည့်သွင်းဆွေးနွေးခဲ့ပြီး ညီလာခံသို့ တက်ရောက်လာကြသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် အဆင့်တူအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ တရားသူကြီးချုပ်များနှင့် ဥပဒေပညာရှင်များကလည်း ၎င်းတို့နိုင်ငံအလိုက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများနှင့် စပ်လျဉ်းသည့် အသိအမြင်၊ အတွေ့အကြုံ၊ ဗဟုသုတများကို ဖလှယ်ခဲ့ကြသည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၁ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြရာ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းဆိုင်ရာ ခေတ်မီနည်းပညာစွမ်းရည်မြှင့်တင်ရေး သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ စက်မှုနည်းပညာလေ့ကျင့်သင်ကြားရေးသင်တန်းကျောင်း၌ ကျင်းပသော မဲခေါင်-ကိုရီးယား ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဆိုင်ရာ Skills Dissemination Training on Industrial Internet of Things (IIoT) နှင့် Automation Technology သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက အဖွဲ့ဝင်နိုင်ငံများအကြား ဗျူဟာမြောက်ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်နိုင်မည့် ယုံကြည်နားလည်မှုများကိုပါတည်ဆောက်နိုင်ခဲ့မည်ဟု ယုံကြည်ကြောင်း၊ သင်တန်းသားများအနေဖြင့် ဤစွမ်းရည်မြှင့်သင်တန်းမှ လေ့လာသိရှိမှုများကို အခြေခံ၍ ပိုမိုတတ်ကျွမ်းပိုင်နိုင်အောင် ဆက်လက်လေ့လာသွားရန်၊ လုပ်ငန်းခွင်၌ အကျိုးရှိရှိ ပြန်လည်အသုံးချရန်နှင့် လုပ်ဖော်ကိုင်ဖက်များကိုပါ မျှဝေပေးသွားရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် မဲခေါင်ဒေသတွင်းနိုင်ငံများမှ သင်တန်းသားများက သင်တန်းတွင် နည်းပညာဖလှယ်ခဲ့မှုများနှင့် လေ့လာခဲ့မှုအတွေ့အကြုံများကို ပြောကြားကြပြီး ဒုတိယဝန်ကြီးက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များနှင့် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ငါးသိုင်းချောင်းမြို့၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ငါးသိုင်းချောင်း စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့တွင် ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (မြတ်တို) ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

ဦးစွာ ရေကြည်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းချစ်အေးက စိုက်ပျိုးမည့်ပျိုးပင်များအား အခြေခံပညာမူလတန်းကျောင်း(မြတ်တို) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန့်ဇင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ် / ကျေးအုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများအား ပေးအပ်ခဲ့ကာ ပျိုးပင်အား ဦးဆောင် စိုက်ပျိုးပေးခဲ့သည်။

ထို့နောက် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက သတ်မှတ်နေရာတွင် နေရာယူကာ ပျိုးပင်များအား စိုက်ပျိုးခဲ့ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိဦးတင်ထူးနိုင်တို့က စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ၌ ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ မန်ကျန်ရှား စသည့် အဖိုးတန်သစ်ပင်များအပြင် ကံ့ကော်၊ ခရေ၊ စိန်တံခြူ၊ စိန်ပန်း၊ စကားဝါ၊ ပိတောက် စသည့်အပင်များ၊ သီးပင်စားပင်များဖြစ်သည့် စိန်တလုံးသရက်၊ အုန်းချိုမွေးပင်၊ အစေ့လွတ်ပိန္နဲပင် စသည့်အပင်များနှင့် စိုက်ပျိုးပင်အရေအတွက် ၂၇၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

# စစ်တောင်းမြစ်ရေ တောင်ငူမြို့နှင့် မဒေါက်မြို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ည‌နေ ၅ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းရွှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# နေပြည်တော်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၂



အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် တပ်ကုန်းမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေဘေးသင့်ခဲ့သည့် ကျေးရွာများသို့ သွားရောက်အားပေးပြီး ဆီထွက်သီးနှံ ဆောင်းနေကြာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတိုက်စားပျက်စီးခဲ့သော လယ်ဝေးမြို့နယ် နေပြည်တော်မြို့ ရှောင်လမ်းမကြီးမှ ကွမ်းခြံကျေးရွာဆက်သွယ်သောလမ်းကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများအမြန်ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ပြန်လည်ပြုပြင်ဆောင်ရွက်မည့်အစီအမံများကို အမြန်ဆုံးတင်ပြသွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ရေကြီးရေလျှံမှုကြောင့် ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ခဲ့ရသည့် တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်သမဝါယမဦးစီးဌာနဦးစီးမှူးက မိုးစပါးနှင့် မိုးနေကြာစိုက်ခင်းများ ရေကြီးနစ်မြုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်ရေပေးရေးလုပ်ငန်း ပျက်စီးမှုများကို သဘာဝဘေးအလွန်ကာလတွင် အမြန်ဆုံး ပြန်လည်ပြုပြင်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်ခဲ့သည့် မိုးစပါးနှင့် စိုက်ပျိုးသီးနှံများအတွက်လည်း ပြန်လည်စိုက်ပျိုးနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကိုလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာရှိ နေကြာစိုက်အသင်းသားတောင်သူများထံ ရေဆင်းစပ်မျိုး-၁ နေကြာမျိုးစေ့များပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာရှိ စက်ရေတွင်းများကို တွင်းဆေးတွင်းမှုတ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် ဇောင်ချမ်းကုန်းကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျေးရွာတောင်သူများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်သူများလိုအပ်သည့် သွင်းအားစုဓာတ်မြေဩဇာများကို အရည်အသွေးမှန်ကန်ပြီး စျေးနှုန်းသက်သာစွာဖြင့် တောင်သူများ လက်ဝယ်အချိန်မီရောက်ရှိရေးနှင့် ထွက်ရှိလာသောသီးနှံများ စျေးကွက်ရရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ တောင်သူများအနေဖြင့်လည်း မိုးစပါးရိတ်သိမ်းပြီးပါက ဆီထွက်သီးနှံ ဆောင်းနေကြာများ အချိန်မီစိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိကြရန် လိုအပ်ကြောင်း ပြောကြား၍ ပြည်ထောင်စုဝန်ကြီးက ဇောင်ချမ်းကုန်းကျေးရွာရှိ နေကြာစိုက်အသင်းသားတောင်သူ ၅၀ အတွက် တီဘီအယ်(လ်)ကုမ္ပဏီက ထုတ်လုပ်သော ဆူရာကီရန် နေကြာမျိုးစေ့များနှင့် ရုရှားသဘာဝမြေဩဇာ အားဖြည့်ဆေးရည်များ ပေးအပ်ပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် ရေနစ်မြုပ်လျက်ရှိသည့် ညောင်ရွှေမြို့ရှိ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံ၍ အားပေးစကားပြောကြားကာ အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း



နေပြည်တော် စက်တင်ဘာ ၂၂

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရေဘေးသင့်ခံရသော ညောင်ရွှေမြို့ရှိ စိန်ရတုဆွမ်းစားဆောင် ရေဘေးကူညီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကာ ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ရေနစ်မြုပ်လျက်ရှိသော မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးနှင့် စာကြည့်တိုက်အဆောက်အအုံများ ရေနစ်မြုပ်မှုအခြေအနေနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့်တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများပေးအပ်၍ ပျက်စီးမှုများကို ပြန်လည်ပြုပြင်ရေးနှင့် ဆောင်ရွက်ရန် လိုအပ်သည်များကို မှာကြားသည်။

ညောင်ရွှေမြို့နယ် ရုံးနှင့် စာကြည့်တိုက်အနေဖြင့် ရက်တရက် ရေကြီးလာစဉ် ရုံးသုံးစက်ပစ္စည်းများနှင့် စာကြည့်တိုက်ရှိ စာအုပ်များကို အပေါ်ထပ်သို့ ပြောင်းရွှေ့နိုင်ခဲ့သည့်အပြင် ရေများဆက်လက်မြင့်တက်လာမှုကြောင့် ပစ္စည်းများကို လှေဖြင့် ရေလွတ်ရာသို့ ပြောင်းရွှေ့ထားနိုင်ခဲ့သဖြင့် ပျက်စီးဆုံးရှုံးမှုနည်းပါးခဲ့ပြီး ရေများပြန်ကျသွားပါက သန့်ရှင်းရေးဆောင်ရွက်ပြီး စာကြည့်တိုက်ကို ပြန်လည်ဖွင့်လှစ်ကာ ရုံးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၁ ရက်တွင် ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာအုပ်စု ငွေလျှံကုန်းကျေးရွာ ငွေလျှံကုန်းဘုန်းကြီးကျောင်းတိုက် အတွင်း၊ အပြင်ရှိ မြက်နှင့် ချုံနွယ်များ၊ သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်ကောက်ခြင်းများ ဆောင်ရွက်ခဲ့ရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်မင်းဦး၊ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းဦးနှင့် (ဦး/ရေး/ထောက်) (ပထမတန်း) ဒုတိယရဲမှူးကြီး မျိုးလွင်တို့က ကြည့်ရှုစစ်ဆေးအားပေးစဉ်။ မျိုးသီဟ(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန်လျင်ခရိုင်ရဲတပ်ဖွဲ့ဝင်များက သန်လျင်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် စက်တင်ဘာ ၂၂ ရက်က စုပေါင်းသွေးလှူဒါန်းကြရာ သန်လျင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ဌေးကြည့်ရှုအားပေးစဉ်။ တင်ဝင်းတင်

# ဧရာဝတီတိုင်းဒေသကြီး စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်ပေါင်း ၉၃၄၀ စုပေါင်းစိုက်ပျိုး



ပုသိမ် စက်တင်ဘာ ၂၂

ဧရာဝတီတိုင်းဒေသကြီးအတွင်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ မြို့နယ်အသီးသီးတွင် သစ်ပင်စိုက်ပျိုးပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရိုင် ရှစ်ခရိုင်နှင့် မြို့နယ် ၂၆ မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲ ၃၂ ပွဲ ပြုလုပ်ခဲ့ပြီး အရိပ်ရပင်၊ ပန်းအလှပင်၊ သီးပင်စားပင်၊ အဖိုးတန်သစ်တောသစ်ပင်စသည့် သစ်မျိုး ၃၄ မျိုး၊ အပင်ပေါင်း ၉၃၄၀ ကို ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများက အတူတကွတပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပူနွေးကမ္ဘာ တားဆီးရာ
ဖြေရှာတစ်ခု တောပြုစု။

# ကြက်ဥအယောင် တိမ်တောင်သဖွယ် မင်းရေးကျယ်
## (အရှေ့အလယ်ပိုင်းမှ ကမ္ဘာဆုံးတိုင်ပဋိပက္ခ)

ကိုကိုလှိုင်



အောက်တိုဘာလ ၁၉ ရက်နေ့က ဂါဇာတောင်ပိုင်း ရာဖာကို အစ္စရေးဗုံးကြဲတိုက်ခိုက်မှုအတွင်း မီးခိုးလုံးကြီး တက်လာပုံကို တွေ့ရစဉ်။

**(ယမန်နေ့မှအဆက်)**

ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းတွင် ဂျူးအခြေချနေထိုင်သူဦးရေမှာ ငါးသိန်းခန့်အထိ ရှိလာပြီး ၂၀၂၃ ခုနှစ်တွင် အရှိန်အဟုန်မြှင့်၍ တိုးချဲ့ဆောက်လုပ် နေရာချထားလာခဲ့သည်။ အနောက်ဘက်ကမ်းရှိ ပါလက်စတိုင်းလူဦးရေ သုံးသန်းခန့်မှာ ဂျူးအခြေချအိမ်ရာများတွင် ပတ်ဝိုင်းပိတ်ဆို့မှုများနှင့် ကြုံတွေ့လာခဲ့ရပြီး ပါလက်စတိုင်းအာဏာပိုင်အဖွဲ့က အုပ်ချုပ်သည်ဟုဆိုသော်လည်း လက်တွေ့၌ အစ္စရေးစစ်ဘက်၏ ထိန်းချုပ်မှုအောက်တွင် နေကြရသည့်ဘဝ ဖြစ်နေလေသည်။ ဤအချက်မှာလည်း ပါလက်စတိုင်းတို့က အစ္စရေးအပေါ် မကျေနပ်မှုများတွင် အကြောင်းအချက်တစ်ခုအဖြစ်ပါဝင်ပြီး သဘောထားပြင်းထန်သည့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုအနေဖြင့် ပါလက်စတိုင်း သီးခြားနိုင်ငံထူထောင်ခွင့်ကို မည်သည့်အခါမျှ ပေးအပ်တော့မည်မဟုတ်ဟု ယုံကြည်ယူဆလာစေခဲ့သည်။

ဤသို့ဖြင့် ဂါဇာတွင်လည်း ညက်ညက်ကျေအောင် တိုက်ခိုက်ခံနေရသကဲ့သို့ အနောက်ဘက်ကမ်းတွင်လည်း အာရပ်တဲထဲသို့ဝင်လာသည့် ကုလားအုတ်ပုံပြင်ကဲ့သို့ ဂျူးအခြေချများ တိုးချဲ့ဝင်ရောက်လာနေမှုများကို တွေ့မြင်နေကြရသော ပါလက်စတိုင်းတို့၏ စိတ်တွင်း၌ ယင်းတို့အလွန်လိုလားတောင့်တလျက်ရှိသော ပါလက်စတိုင်းနိုင်ငံ ထူထောင်နိုင်ရေးမှာ လက်နက်စွဲကိုင်၍ “သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး” သဘောထားဖြင့် မီးကုန်ယမ်းကုန်တိုက်ခိုက်ရုံမှတစ်ပါး အခြားမရှိတော့ပြီဟူသော အတွေး၊ အကြံများ ဖြစ်ပေါ်လာခဲ့လေတော့သည်။

### ၂၀၂၃ ခုနှစ် အောက်တိုဘာလ ယွန်ကစ်ပူးစစ်ပွဲနှစ်ငါးဆယ်ပြည့် အကြမ်းဖက်တိုက်ခိုက်မှု

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့သည် ၁၉၇၃ ခုနှစ် ယွန်ကစ်ပူးစစ်ပွဲ၏ နှစ်ငါးဆယ်ပြည့်မြောက်သောနေ့ဖြစ်သည်။ ယွန်ကစ်ပူးမှာ အစ္စရေးနိုင်ငံ၌ ဂျူးလူမျိုးတို့၏ ဘာသာရေးအထွတ်အမြတ် နှစ်သစ်ကူးပွဲတော်ဖြစ်ပြီး မိတ်ဆွေသင်္ဂဟများနှင့် ဆွေမျိုးမိသားစုများ ပြန်လည်ဆုံစည်းကာ ပျော်ပွဲရွှင်ပွဲများ ကျင်းပပြုလုပ်ကြသည့် အခါသမယလည်းဖြစ်သည်။ ထို့ကြောင့် ယွန်ကစ်ပူးပွဲတော်ကာလ၌ အစ္စရေးတစ်နိုင်ငံလုံး ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ် ၁၉၇၃ ခုနှစ်က အာရပ်တပ်ဖွဲ့များ အလစ်အငိုက် ရယူတိုက်ခိုက်ခဲ့ကြသည့်အတွက် ယွန်ကစ်ပူးစစ်ပွဲဟု အမည်တွင်ခြင်းဖြစ်သည်။

ယင်းစစ်ပွဲမှာ အစ္စရေးနှင့်အာရပ်တို့ စစ်ဖြစ်ခဲ့ကြသည့် သမိုင်းတစ်လျှောက်လုံးတွင် အာရပ်တို့ဘက်မှ အလစ်အငိုက်ရယူ၍ ဦးစွာဝင်ရောက်တိုက်ခိုက်ခဲ့သည့် တစ်ခုတည်းသောစစ်ပွဲလည်းဖြစ်လေသည်။ ထို့အပြင် ယင်းစစ်ပွဲ၌ အစ္စရေးတို့ အနိုင်ရရှိခဲ့လင့်ကစား အာရပ်တို့က ဆိုဗီယက်လုပ်လက်နက်များဖြင့် အစ္စရေးကို အထိနာအောင် တိုက်ခိုက်နိုင်ခဲ့သည်။

ထို့ကြောင့် ဂါဇာဒေသမှ ပါလက်စတိုင်း၊ ဟားမားစ်အဖွဲ့အတွက် ယွန်ကစ်ပူးနှစ်ငါးဆယ်ပြည့် ရွှေရတုကာလသည် အစ္စရေးတို့ကို အထိနာအောင် ပြန်လည်တိုက်ခိုက်ရန် အဓိပ္ပာယ်ပြည့်ဝဆုံးအချိန် ဖြစ်တော့သည်။ ယွန်ကစ်ပူးပွဲတော်ကာလဖြစ်၍ အစ္စရေးတစ်နိုင်ငံလုံးမှာလည်း ပျော်ပွဲရွှင်ပွဲများဖြင့် အလုပ်များနေကြသည်။ စစ်သည်အများအပြားမှာလည်း မိသားစုနှင့် ပြန်လည်ဆုံစည်းရန် ခွင့်ပြန်နေကြသည်။ ဤအခြေအနေမှာ အလစ်အငိုက်ရယူရန် အခွင့်ကောင်းပင်ဖြစ်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့ နံနက် ၆ နာရီခွဲတွင် ဟားမားစ်တို့၏ တိုက်ခိုက်မှုစတင်ခဲ့သည်။ ဟားမားစ်တို့က ဂါဇာနှင့် အစ္စရေး လူနေဒေသကို ပိုင်းခြားကာရံထားသည့် ခြံစည်းရိုးတံတိုင်းမှ အားအနည်းဆုံးနေရာများအား ဖောက်ခွဲ၍ လမ်းပေါက်ဖွင့်လိုက်ပြီးနောက် အထူးလေ့ကျင့်ထားသည့် တပ်ဖွဲ့ဝင်များက မော်တော်ဆိုင်ကယ်နှင့် ပစ်ကပ်ကားများဖြင့် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ အချို့က ပါရာဂလိုက်ဒါများကို သုံး၍ ခြံစည်းရိုးနံနံရံကို အပေါ်မှဖြတ်ကျော်ကာ ပျံသန်းဝင်ရောက်ခဲ့ကြသည်။ အချို့တပ်ဖွဲ့များက မော်တော်ဘုတ်များဖြင့် ပင်လယ်ကမ်းစပ်ကို ရေပြင်မှပတ်၍ ဝင်ရောက်သွားခဲ့ကြသည်။ ထိုအချိန်တွင် ဟားမားစ်ဒုံးပျံတပ်ဖွဲ့က အစ္စရေး လူနေမြို့ရွာများအပေါ်သို့ ဒုံးပျံများ ရာနှင့်ချီ၍ ပစ်လွှတ်တိုက်ခိုက်ခဲ့သည်။

အစ္စရေးတို့မှာ ဟားမားစ်၏ အလစ်အငိုက်ရယူတိုက်ခိုက်မှုကြောင့် သမိုင်းတစ်လျှောက် အကြီးကျယ်ဆုံးထိခိုက်ဆုံးရှုံးမှုနှင့် ကြုံတွေ့ခဲ့ရသည်။ စုစုပေါင်း အစ္စရေးဘက်မှ ၁၂၀၀ ကျော် သေဆုံးခဲ့၍ လူ ၂၅၀ ခန့် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းခံရသည်။

နောက်ပိုင်းထွက်ပေါ်လာသည့် သတင်းများအရ ဟားမားစ်ဘက်မှ ဤစစ်ဆင်ရေးအစီအစဉ်ကို ၂၀၁၄ ခုနှစ်ခန့်ကပင် စတင်ရေးဆွဲခဲ့သည်ဟု ဆိုသည်။ ၂၀၂၁ ခုနှစ် အစ္စရေးတို့၏ ပြင်းထန်သော ဂါဇာတိုက်ခိုက်မှု၏နောက်တွင် ပြန်လည်လက်စားချေရေးအတွက် ဤအစီအစဉ်ကို အကောင်အထည်ဖော်ရန် ဂါဇာရှိ စစ်ဘက်ခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ချက်ချပြီး စတင်ပြင်ဆင်ခဲ့ကြသည်ဟု ဆိုသည်။ စစ်ဆင်ရေးစီမံချက်ကို ရေးဆွဲဖော်ဆောင်ခဲ့သူများမှာ ဟားမားစ်စစ်ရေးခေါင်းဆောင် ယာယာဆင်ဝါ ဦးဆောင်သည့် ထိပ်ပိုင်းစစ်ရေးခေါင်းဆောင် ငါးဦးခန့်သာဖြစ်ပြီး ဟားမားစ်နိုင်ငံရေးခေါင်းဆောင် အစ္စမေးဟာနီယာနှင့် ဒုတိယခေါင်းဆောင် ဆလားအယ်လ်အာရူရီတို့ကိုပင် အလွန်ကြီးမားသည့် တိုက်ခိုက်မှုတစ်ခု ပြုလုပ်မည်ဟု အသိပေးရုံမျှ ပြုလုပ်ခဲ့ပြီး အစီအစဉ်အသေးစိတ်ကို မပြောခဲ့ဟုဆိုသည်။ ကြိုတင်လေ့ကျင့်မှုများကို အထူးလျှို့ဝှက်စွာပြုလုပ်ခဲ့ပြီး မြေအောက်တွင် နက်ရှိုင်းစွာ တူးဖော်ဆောက်လုပ်ထားသည့် စစ်ဌာနချုပ်အတွင်း၌သာ ပြင်ဆင်လေ့ကျင့်ခဲ့သည်ဟုဆိုသည်။ လက်အောက်တပ်မှူးများကို စစ်ဆင်ရေးမစမီ သုံးရက်အလိုကျမှသာ မိမိတို့ ပါဝင်ဆောင်ရွက်ရမည့်အပိုင်းများကို အသိပေးခဲ့သည်။

ခြံ၍ဆိုရလျှင် ဂါဇာပါလက်စတိုင်းတို့၏ သေမထူးနေမထူးစိတ်ဓာတ်နှင့် လက်စားချေလိုသည့် ပြင်းထန်သောအာဃာတ၊ စစ်ဆင်ရေးကို စနစ်တကျ လျှို့ဝှက်သိုသိပ်စွာပြင်ဆင်ခဲ့မှု၊ ရရှိနိုင်သမျှသော အရင်းအမြစ်လက်နက်ပစ္စည်းများဖြင့် အချိုးမညီစစ်ဆင်မှု (Asymmetric Warfare)၊ စွမ်းရည်နှင့် အစ္စရေးဘက်မှ အလစ်အငိုက် ဖြစ်ပေါ်စေခဲ့သည့် အချိန်ကာလကို ရွေးချယ်နိုင်မှုတို့က ဤတိုက်ခိုက်မှု၏ အောင်မြင်မှုကို ဖော်ဆောင်ပေးခဲ့သည်ဟု ဆိုနိုင်ပေသည်။

### နောက်ကွယ်မှ အင်အားစုများ

အဘက်ဘက်မှ တံတိုင်းများ ကာရံပိတ်ဆို့၍ တင်းကျပ်စွာ ကန့်သတ်ထိန်းချုပ်ခံရသည့်အပြင် မကြာခဏ အစ္စရေးဘက်မှ ပြင်းထန်စွာတိုက်ခိုက်မှုကို ခံစားနေရသော ဟားမားစ်အဖွဲ့အနေဖြင့် ပြင်ပမှ ထောက်ကူအားပေးမှုကိုမရရှိဘဲ ဤသို့ထိရောက်သည့် တိုက်ခိုက်မှုမျိုးကို ဆောင်ရွက်နိုင်ဖွယ်မရှိဟု လေ့လာသူအများစုက ကောက်ချက်ချကြသည်။ ဟားမားစ်ကို နောက်ကွယ်မှ အဓိကအားပေးထောက်ခံကူညီနေသူမှာလည်း အီရန်နိုင်ငံဖြစ်သည်ဟု လေ့လာသူအားလုံးလိုလိုက သဘောကိုက်ညီကြသည်။

ဤနေရာတွင် မေးခွန်းတစ်ခုပေါ်ပေါက်လာသည်မှာ ဒေသတွင်းနိုင်ငံရေးတွင် ရှီယိုက်မွတ်စလင်နိုင်ငံဖြစ်သော အီရန်သည် ဘာသာတူဖြစ်သော ဆီးရီးယားမှ အာရှတ်အစိုးရ၊ ယီမင်မှ ဟူသီအဖွဲ့နှင့် လက်ဘနွန်မှ ဟစ်ဇ်ဘိုလာအဖွဲ့တို့ကို ထောက်ခံအားပေးခြင်းမှာ သဘာဝကျသော်လည်း ဆွန္နီမွတ်စလင်များဖြစ်သည့် ပါလက်စတိုင်း ဟားမားစ်အဖွဲ့ကို အဘယ်ကြောင့် များစွာထောက်ပံ့အားပေးနေရပါသနည်းဟူသော မေးခွန်းဖြစ်သည်။

ထိုမေးခွန်းကို ဖြေဆိုရန်မှာ ဒေသတွင်းအင်အားနိုင်ငံရေးဆက်ဆံမှုကို သဘောပေါက်နားလည်ရန် လိုအပ်ပေသည်။ စင်စစ်၌ အီရန်သည် ဟားမားစ်အဖွဲ့စတင်ပေါ်ပေါက်လာချိန်မှစ၍ အစ္စရေးကို တိုက်ခိုက်မည့်အဖွဲ့ဖြစ်၍ အားပေးထောက်ပံ့ကူညီမှုများ ပြုလုပ်ခဲ့သော်လည်း များများစားစားမဟုတ်ပေ။ ဟားမားစ်အနေဖြင့် ဆွန္နီဘာသာတူ နောက်ကွယ်အင်အားစုများကို ပို၍အားထားခဲ့ရသည်။ ၂၀၀၇ ခုနှစ် ဂါဇာဒေသရွေးကောက်ပွဲ၌ ဟားမားစ်အဖွဲ့အာဏာရရှိလာချိန်တွင် ထိုစဉ်က အင်အားကြီးဆွန္နီအကြမ်းဖက်အဖွဲ့ဖြစ်သော အယ်လ်ကေဒါအဖွဲ့နှင့် အယ်လ်ကေဒါထောက်ခံသော အစ္စလမ္မစ်ဂျေဟဒ်အဖွဲ့တို့အကြား အာဏာလုပွဲဖြစ်ခဲ့ပြီး လမ်းပေါ်တိုက်ပွဲများဖြစ်ပွားကာ ဟားမားစ်တို့အနိုင်ရခဲ့ပြီးနောက် ဟားမားစ်နှင့် အယ်လ်ကေဒါတို့ လမ်းခွဲခဲ့ကြသည်။

ထို့ကြောင့် ဟားမားစ်သည် အီရန်နှင့်ပိုပြီးထိတွေ့ဆက်ဆံ၍ အကူအညီများ ပိုမိုရယူလာခဲ့ရသည်။ ၂၀၁၄ ခုနှစ်တွင် ဟားမားစ်နှင့် အစ္စရေးတပ်ဖွဲ့များ အကြီးအကျယ်တိုက်ခိုက်ခဲ့ကြပြီးနောက် ဟားမားစ်ထိပ်သီးခေါင်းဆောင်များကို အစ္စရေးက ပစ်မှတ်ထား၍ လိုက်လံသုတ်သင်ချေမှုန်းခဲ့ရာ ဟားမားစ်အဖွဲ့မှာ ခေါင်းဆောင်မှုအားနည်းသွားခဲ့သကဲ့သို့ အောက်ခြေတွင်လည်း ဖရိုဖရဲဖြစ်သွားခဲ့သည်။

**စာမျက်နှာ ၇ သို့**

**“အစ္စရေးတို့က ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်အဖွဲ့ကို မြေလှန်ချေမှုန်းပစ်မည်ဟု ကြွေးကြော်ကာ အင်အားအလုံးအရင်းဖြင့် ဂါဇာနယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ချိန်မှစ၍ အမေရိကန်ပြည်တွင်းရှိ နာမည်ကြီးတက္ကသိုလ်များတွင် ကျောင်းသားများက စာသင်ခန်းများနှင့် ကျောင်းပရိဝုဏ်နေရာများကို သိမ်းပိုက်၍ ပါလက်စတိုင်းဘက်မှ ထောက်ခံဆန္ဒပြခြင်း၊ တောင်အာဖရိကနိုင်ငံက အစ္စရေးအစိုးရအား ICJ ၌ လူမျိုးတုံးစေမှုဖြင့် တရားစွဲဆိုခြင်း၊ ကမ္ဘာ့နာမည်ကြီးမိဒီယာများ၌ ဂါဇာစစ်ပွဲတွင် အစ္စရေးတပ်ဖွဲ့များ၏ ပါလက်စတိုင်းအရပ်သားများအပေါ် တိုက်ခိုက်မှု၊ လူနေအဆောက်အအုံများ အကြီးအကျယ်ပျက်စီးမှု၊ လူသားချင်းစာနာမှု အကူအညီပေးအပ်ခြင်းကို နှောင့်ယှက်မှု စသည့် အစ္စရေးနိုင်ငံ၏ မကောင်းသတင်းများကို လှိုင်လှိုင်ကြီး ထုတ်လွှင့်နေမှုများမှာ နောက်ကွယ်မှ ယင်းအင်အားစု၏ လှုံ့ဆော်အားပေးမှုများ ပါဝင်သည်ဟု အစ္စရေးနှင့် အမေရိကန်ရှေးရိုးစွဲ ဂျူးအသိုက်အဝန်းက ယူဆကြ”**

☆ စာမျက်နှာ ၆ မှ

ထို့နောက်ပိုင်းမှစ၍ ဟားမားစ်အနေဖြင့် အဖွဲ့ပြန်လည်ထူထောင်ရေးအတွက် အီရန်ကို ပိုမိုအားကိုးပြုလာခဲ့ရသကဲ့သို့ ၂၀၁၄ ခုနှစ်တွင် ဟားမားစ်တို့က ယင်းတို့၏ လက်လုပ်ဒုံးပျံအများအပြားဖြင့် အစ္စရေးဘက်သို့ တိုက်ခိုက်ခဲ့မှုကို တွေ့မြင်ရသည့် အီရန်ကလည်း ဟားမားစ်အဖွဲ့ကို ‘မွေးစား’လိုက်ကာ ယင်းတို့လိုအပ်သော ဒုံးပျံနည်းပညာ၊ စက်အစိတ်အပိုင်းများ၊ စစ်လက်နက်ပစ္စည်းများကို အီဂျစ် အစ္စရေးနယ်စပ်၊ ဆိုင်းနိုင်ဒေသမှတစ်ဆင့် ဂါဇာကမ်းမြောင်သို့ မြေအောက်၌ နက်ရှိုင်းစွာ တူးဖော်ထားသော ဥမင်လိုဏ်ခေါင်းများမှ တင်ပို့ပေးခဲ့သည်။ ထို့အပြင် ဟားမားစ်အဖွဲ့ဝင်များကို အီရန်သို့ ခေါ်ယူသင်တန်းပေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများကိုလည်း အင်တိုက်အားတိုက်ပြုလုပ်လာခဲ့သည်။ ၂၀၁၄ ခုနှစ်နောက်ပိုင်းတွင် အီရန်က ဟားမားစ်အဖွဲ့အား တစ်နှစ်လျှင် ဒေါ်လာသန်း ၇၀ မှ ၁၀၀ ခန့်အထိ ငွေကြေးထောက်ပံ့ပေးခဲ့သည်ဟုဆိုသည်။

စင်စစ်၌ အစ္စရေးနယ်စပ်မှ မိုင် ၁၀၀၀ ခန့် ဝေးကွာနေသော အီရန်နိုင်ငံသည် အစ္စရေးကို တိုက်ခိုက်ချေမှုန်းဖျက်ဆီးပစ်ရန် လိုလားနေလင့်ကစား မြေပြင်နှင့်ရေကြောင်းမှ သွားရောက်တိုက်ခိုက်ရန် မဖြစ်နိုင်သလောက်ရှိပြီး လေကြောင်းမှ တိုက်ခိုက်နိုင်မည့် ခေတ်မီလေတပ်လည်း ပိုင်ဆိုင်ထားခြင်းမရှိပေ။ အီရန်က ပိုင်ဆိုင်ထားသည်မှာ ဒရုန်းအမျိုးမျိုးနှင့် ဒုံးပျံများသာဖြစ်ပြီး ယင်းတို့မှာလည်း မိုင် ၁၀၀၀ ခရီးကိုဖြတ်၍ ပျံသန်းရန် အချိန်ယူရမည်ဖြစ်၍ အစ္စရေးတို့၏ လေကြောင်းကာကွယ်ရေးစနစ်များအတွက် ကောင်းစွာပြင်ဆင်ချိန် ရနိုင်သည်။ သို့ဖြစ်ရာ အစ္စရေးတို့ကို အနီးကပ် တိုက်ခိုက်နိုင်သော ဟားမားစ်၊ ဟစ်ဇ်ဘိုလာ၊ ဟူသီ အဖွဲ့တို့ကို ၎င်းတို့ပိုင်ဆိုင်သည့် ဒုံးပျံများထောက်ပံ့ခြင်းဖြင့် ထိရောက်သည့် ကိုယ်စားစစ်ပွဲကို ဆင်နွှဲနိုင်မည် ဖြစ်လေသည်။

ဤသို့ဖြင့် အစ္စရေးနိုင်ငံမှာ ပတ်လည်ဝန်းကျင်မှ ရန်သူများ ဝန်းရံခြင်းကို ခံနေရသည်ဟု ဆိုနိုင်သည်။ မြောက်ဘက်မှ ဟစ်ဇ်ဘိုလာကြီးစိုးထားသော လက်ဘနွန်နှင့် အီရန် ထောက်ခံအားပေးသော သမ္မတအာဆတ်၏ ဆီးရီးယား၊ အရှေ့ဘက်ခပ်လှမ်းလှမ်းတွင် အီရန်က လွှမ်းမိုးထားသော အီရတ်၊ တောင်ဘက်တွင် ဆော်ဒီအာရေဗျကို ကျော်၍ မဟာဗျူဟာအရေးပါသော ပင်လယ်နီထိပ်ဝမှ ဟူသီတို့ ထိန်းချုပ်ထားသည့် ယီမင်တို့ ရှိနေသည်။ အစ္စရေးကို ပေါ်ပေါ်ထင်ထင် ရန်လိုမှု မပြသသည့် ဒေသတွင်း အင်အားကြီးများဖြစ်သော ဆော်ဒီအာရေဗျနှင့် အီဂျစ်တို့မှာလည်း ပါလက်စတိုင်းတို့အပေါ် စာနာမှုရှိသည့် မွတ်စလင်အာရပ်နိုင်ငံများဖြစ်နေသည်။ အာရှ ဥရောပအစပ်မှ တူကီယဲသည်ပင် ပါလက်စတိုင်းတို့ဘက်မှ ရှိနေသည်။

ထို့အပြင် အီရန်၏နောက်ကွယ်မှ ကမ္ဘာ့အင်အားကြီးများဖြစ်ကြသော ရုရှားနှင့် တရုတ်နိုင်ငံတို့ ရှိနေကြသည်။ ရုရှားနှင့် တရုတ်တို့ဦးစီးနေသည့် BRICS အုပ်စုတွင် အရှေ့အလယ်ပိုင်းနှင့် အာဖရိက အပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများကပါဝင်ရန် ဆန္ဒပြင်းပြနေကြလေရာ ကမ္ဘာကြီးနှစ်ခြမ်းကွဲစအခြေအနေ၌ အစ္စရေးဘက်မှာ အခိုင်အမာရပ်တည်နေသည်မှာ အမေရိကန်နှင့်အပေါင်းအပါ အနောက်နိုင်ငံတစ်စုသာ ရှိနေသည်ကို တွေ့ရသည်။

စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အမေရိကန်နှင့် အနောက်အုပ်စုအတွင်း၌ပင် ပါလက်စတိုင်းတို့ကို စာနာထောက်ထားအားပေးသည့် အင်အားစုတစ်စု လျင်မြန်စွာ ကြီးထွားလာခြင်းဖြစ်သည်။ ယင်းတို့ကို တိုးတက်သောဒီမိုကရက် (Progressive Democrat) အုပ်စုက ဦးဆောင်နေခြင်းဖြစ်ပြီး ကမ္ဘာပေါ်၌ အသားအရောင်လူမျိုး ခွဲခြားဖိနှိပ်ခြင်းကို အပြင်းအထန်ဆန့်ကျင်သည့် တစ်ကမ္ဘာလုံးတန်းတူညီမျှရေး သဘောထားရှိသူများဖြစ်သည်။ ထုံးစံအတိုင်း ဤအင်အားစုကို ထောက်ပံ့အားပေးနေသူတစ်ဦးမှာ ဂျော့ဆိုရော့စ်ဖြစ်လေသည်။

အစ္စရေးတို့က ပါလက်စတိုင်းဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်အဖွဲ့ကို မြေလှန်ချေမှုန်းပစ်မည်ဟု ကြွေးကြော်ကာ အင်အားအလုံးအရင်းဖြင့် ဂါဇာနယ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ချိန်မှစ၍ အမေရိကန်ပြည်တွင်းရှိ နာမည်ကြီးတက္ကသိုလ်များတွင် ကျောင်းသားများက စာသင်ခန်းများနှင့် ကျောင်းပရိဝုဏ်နေရာများကို သိမ်းပိုက်၍ ပါလက်စတိုင်းဘက်မှ ထောက်ခံဆန္ဒပြခြင်း၊ တောင်အာဖရိကနိုင်ငံက အစ္စရေးအစိုးရအား ICJ ၌ လူမျိုးတုံးစေမှုဖြင့် တရားစွဲဆိုခြင်း၊ ကမ္ဘာ့နာမည်ကြီးမိဒီယာများ၌ ဂါဇာစစ်ပွဲတွင် အစ္စရေးတပ်ဖွဲ့များ၏ ပါလက်စတိုင်းအရပ်သားများအပေါ် တိုက်ခိုက်မှု၊ လူနေအဆောက်အအုံများ အကြီးအကျယ်ပျက်စီးမှု၊ လူသားချင်းစာနာမှု အကူအညီပေးအပ်ခြင်းကို နှောင့်ယှက်မှု စသည့် အစ္စရေးနိုင်ငံ၏ မကောင်းသတင်းများကို လှိုင်လှိုင်ကြီး ထုတ်လွှင့်နေမှုများမှာ နောက်ကွယ်မှ ယင်းအင်အားစု၏ လှုံ့ဆော်အားပေးမှုများ ပါဝင်သည်ဟု အစ္စရေးနှင့် အမေရိကန်ရှေးရိုးစွဲ ဂျူးအသိုက်အဝန်းက ယူဆကြသည်။

**မွေးမိန်သွားပြီဖြစ်သော သီးခြားနှစ်နိုင်ငံ ထူထောင်မှုနည်းလမ်း**

ယခုအခါ အစ္စရေးတို့၏ ဂါဇာကမ်းမြောင်ဒေသကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်မှာ ရက်ပေါင်း ၃၄၀ ကျော် ရှိပြီဖြစ်သည်။ ဟားမားစ်ဘက်မှ ထုတ်ပြန်ချက်အရ ကလေး ၁၆၀၀၀ ကျော် အပါအဝင် အရပ်သား ၄၀၀၀၀ ကျော် သေဆုံး၍ ၉၅၀၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သိရပါသည်။ ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းဒေသ၌လည်း အစ္စရေးတို့က စစ်ဆင်ရေးဝင်ရောက်လျက်ရှိသည်။

ဂါဇာဒေသမှာ အစ္စရေးတို့၏ စစ်ရေးအင်အားသုံးချေမှုန်းနေမှုကြောင့် ပြားပြားဝပ် ပျက်စီးနေချိန်တွင် အစ္စရေးတို့ကို မြောက်ဘက်ရှိ ဟစ်ဇ်ဘိုလာတို့နှင့် တောင်ဘက်ရှိ ဟူသီအဖွဲ့တို့က ဒုံးပျံများဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်။

ဤအခြေအနေတွင် သဘောထားပြင်းထန်သော အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပါလက်စတိုင်းသီးခြားနိုင်ငံ ထူထောင်ရေးအဆိုကို ခါးခါးသီးသီး ပယ်ချလျက်ရှိပြီး ပါလက်စတိုင်းတို့ဘက်မှလည်း ဂျော်ဒန်မြစ်နှင့် မြေထဲပင်လယ်အကြား နယ်မြေအားလုံးကို ယင်းတို့ပိုင်ဆိုင်သည်ဟု ကြွေးကြော်လျက်ရှိရာ သီးခြားနှစ်နိုင်ငံ ထူထောင်ရေးနည်းလမ်းမှာ ပို၍မှေးမှိန်သွားခဲ့သည်။

နေတန်ယာဟုက ပါလက်စတိုင်းနိုင်ငံသစ် ထူထောင်ရေးကို ခါးခါးသီးသီး ငြင်းပယ်နေခြင်းမှာလည်း အကြောင်းမဲ့မဟုတ်ပေ။ အော့စလိုသဘောတူညီချက်အရ ပါလက်စတိုင်းနိုင်ငံသစ်ပေါ်ပေါက်လာပါက ပြည်ပရောက် ပါလက်စတိုင်းဒုက္ခသည် ခြောက်သန်းသည် ယင်းပါလက်စတိုင်းနိုင်ငံသစ် ဂါဇာနှင့် ဂျော်ဒန်မြစ် အနောက်ဘက်ကမ်းသို့ အလုံးအရင်းဖြင့် ဝင်ရောက်လာကြမည် ဖြစ်သည်။ ထိုအခါ ရှိရင်းစွဲ ပါလက်စတိုင်းများနှင့် ပေါင်းပါက အစ္စရေး၊ ဂျူး ခုနစ်သန်းကို ကျော်လွန်သွားမည်ဖြစ်ကာ အစ္စရေးအတွက် လုံခြုံရေးအရ ခြိမ်းခြောက်မှုဖြစ်လာပေလိမ့်မည်။ ထို့အပြင် ဂျူးလူဦးရေမှာ မှန်မှန်ကျဆင်းနေပြီး ပါလက်စတိုင်းလူဦးရေတိုးနှုန်းက မြင့်မားနေရာ ရေရှည်တွင် လူဦးရေဖိအားဒဏ်ကို ခံစားလာရမည်ဖြစ်၏။ ထို့ကြောင့်လည်း သဘောထားပြင်းထန်သော အစ္စရေးနိုင်ငံရေးသမားများက သီးခြားနှစ်နိုင်ငံ အယူအဆကို လုံးဝလက်မခံနိုင်ဘဲ ဖြစ်နိုင်လျှင် ပါလက်စတိုင်းအာရပ်တို့ကို အနုနည်း၊ အကြမ်းနည်းမျိုးစုံဖြင့် ဖယ်ရှားပစ်လိုခြင်း ဖြစ်လေသည်။

အမေရိကန်နှင့် အရှေ့အလယ်ပိုင်း အာရပ်နိုင်ငံအချို့ပူးပေါင်း၍ ကြိုးပမ်းလျက်ရှိသော ငြိမ်းချမ်းရေးဆွေးနွေးပွဲအဆိုများမှာလည်း နှစ်ဖက်သဘောတူညီမှုမရရှိဘဲ ထစ်ငေါ့နေဆဲဖြစ်ပြီး အခြေးတစ်ဖက်တွင်မူ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့အကြား စစ်ရှိန်မြှင့်လာနေသည်။ အစ္စရေးတို့က ဂါဇာတွင် ဟားမားစ်ချေမှုန်းရေးစစ်ဆင်မှု လက်စသတ်သည်နှင့် လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာတပ်ဖွဲ့များကို ဝင်ရောက်တိုက်ခိုက်ချေမှုန်းရန် စစ်ပြင်နေကြောင်း သတင်းများ ပေါ်ထွက်လျက်ရှိသည်။

**သုံးသပ်ချက်နှင့် ရှေ့အလားအလာ**

အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေးနှင့် အီရန်တို့အကြား တင်းမာမှုများ ပိုမိုမြင့်တက်လာနေလင့်ကစား နှစ်ဦးနှစ်ဖက် စစ်ကြေညာတိုက်ခိုက်မည့် ဒေသတွင်းစစ်ပွဲအဆင့်သို့ ပိုမိုကျယ်ပြန့်စွာရောက်ရှိလာရန် မလွယ်ကူလှသေးကြောင်း တွက်ဆရသည်။ အမေရိကန်၌ နိုဝင်ဘာလတွင် သမ္မတရွေးကောက်ပွဲရှိနေခြင်း၊ ရုရှားနိုင်ငံသည်လည်း ယူကရိန်းစစ်ပွဲတွင် အာရုံစိုက်နေရပြီး အီရန်ထံမှပင် ဒရုန်းနှင့်ဒုံးများ ဝယ်ယူနေရခြင်းတို့ကြောင့် နောက်ကွယ်မှ ဆရာကြီးများက ဤစစ်ပွဲကို အားပေးအားမြှောက်ပြုဖွယ်မရှိပေ။

အစ္စရေးနှင့် အီရန်တို့ ကိုယ်တိုင်လည်း ပြည်တွင်းနိုင်ငံရေး မတည်ငြိမ်မှုများကို ရင်ဆိုင်နေရသည်။ အထူးသဖြင့် အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုမှာ ဓားစာခံခြောက်ဦး အသတ်ခံရမှု နောက်ပိုင်း နိုင်ငံရေးဖိအားများစွာကို ခံစားနေရသည်ဖြစ်ရာ ၎င်း၏ညွှန့်ပေါင်းအစိုးရ ပြုတ်မကျရေးမှာ အဓိကဦးစားပေးဖြစ်နေသည်။ ထို့ကြောင့် စွန့်စားရမှုကြီးများသည့် ဒေသတွင်းစစ်ပွဲအဆင့်သို့ တက်လှမ်းလိုဖွယ်မရှိပေ။ အီရန်အနေဖြင့်လည်း အစ္စရေးနှင့် ထိပ်တိုက်စစ်ဖြစ်မည့်အစား ယခုကဲ့သို့ ကိုယ်ပွားစစ်ပွဲဆင်နွှဲကာ အစ္စရေးတို့ကို ဒုက္ခပေးနေသည့် ခြွေစစ်မဟာဗျူဟာကိုသာ ဆက်လက်ကိုင်စွဲနေမည်ဟု မှန်းဆရပါသည်။ အစ္စရေးတို့အနေဖြင့်လည်း အီရန်ကို တိုက်ရိုက်စစ်ဆင်မည့်အစား အီရန်၏ကြေဇာခံ ဟားမားစ်၊ ဟစ်ဇ်ဘိုလာတို့ကိုသာ ဦးစားပေးနှိမ်နင်းသွားဖွယ်ရှိပြီး ယခင်လုပ်ဆောင်လေ့ရှိသည့် နည်းလမ်းများအတိုင်း ယင်းအကြမ်းဖက်အဖွဲ့များ၏ ခေါင်းဆောင်ပိုင်းကို နိုင်ငံပြင်ပတွင် လိုက်လံရှင်းလင်း သုတ်သင်သွားလိမ့်မည်ဟု မှန်းဆရပါသည်။ ဤသို့ဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် အပြန်အလှန်တိုက်ခိုက်သတ်ဖြတ်မှု သံသရာဆက်လက်လည်ပတ်နေဖွယ်ရှိပြီး ကမ္ဘာ့ဆုံးတိုင်ပြီးဆုံးဖွယ်မရှိသော ပဋိပက္ခအသွင်ကိုဆောင်နေဖွယ်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။ ။




နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းအောင်၏ဦးဆောင်ကြီးကြပ်မှုဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင် စုစုပေါင်း ၃၉ ဦးတို့ စက်တင်ဘာ ၂၁ ရက်နံနက် ၇ နာရီက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)



နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၁ ရက်က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်စစ်ပင်တောင်ရပ်ကွက်ရှိလေးကျွန်းစကြာရှင် မဟာဆုတောင်းပြည့် စေတီတော်ကြီး၏ ရင်ပြင်တော်နှင့် ဘုရားပရိဝုဏ်အတွင်း၌ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဆန်းထွန်း ဦးစီးတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများ အမှိုက်လှည်းခြင်း၊ အမှိုက်ကောက်ခြင်း၊ ချိုနွယ်ပိတ်ပေါင်းနှင့် မြက်ရှင်းလင်းခြင်းတို့ သန့်ရှင်းရေးပြုလုပ်ကြစဉ်။

ကြေးမုံ

# ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ပြိုလဲပျက်စီးသွားသည့် ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော် (၂) ဓာတ်အားလိုင်း ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်အားလိုင်းအုကြောင်း ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ဓာတ်အားလိုင်း ပြန်လည်ပြုပြင် တည်ဆောက်ခြင်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်း ၂၃၀ ကေဗွီ ရွှေမြို့-နေပြည်တော်(၂)ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်းများ စစ်ဆေးပြုပြင်ခြင်းနှင့်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဓာတ်အားလိုင်းအုကြောင်း ပြောင်းလဲတည်ဆောက်နိုင်ရန် တာဝါတိုင် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှု



အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဓာတ်အားအမြန် ပို့လွှတ်နိုင်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေး လူအင်အား၊ ယာဉ်ယန္တရား အင်အားများနှင့် ဓာတ်အားလိုင်းသုံး ဆက်စပ်ပစ္စည်းများကိုစုဖွဲ့၍ အင်ပြည့်အားပြည့် အသုံးပြုပြီး အားလုံးဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်၊ ဓာတ်အားလိုင်းပျက်စီးမှုများမှ ပြန်လည်ပြုပြင်သုံးစွဲ၍ရသော ပစ္စည်းများကိုလည်း ပြုပြင်သုံးစွဲသွားရန်နှင့် ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လုပ်ငန်းပြီးစီးမှုများအား စနစ်တကျ မှတ်တမ်းတင်စာရင်းပြုစုဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တပ်ကုန်းမြို့နယ်ရှိ ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်း ဆောင်ရွက်နေသည့် လုပ်ငန်းခွင်သို့ ရောက်ရှိပြီး တာဝါသံပေါင်များ ပြန်လည်ပြုပြင် တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တာဝါတိုင်များစိုက်ထူရန် ဖောင်ဒေးရှင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

အဆိုပါ ၂၃၀ ကေဗွီ ရွှေမြို့- နေပြည်တော်(၂) ဓာတ်အားလိုင်းနှင့် ၂၃၀ ကေဗွီ သာစည်-ရွှေမြို့ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းအုကြောင်း ပြောင်းလဲတည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် ဓာတ်အားအမြန် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနကြီးကြပ်မှုအောက်ရှိ စီမံကိန်းမန်နေဂျာရုံးများနှင့် မဟာဓာတ်အားလိုင်းမှူးရုံးများမှ အင်ဂျင်နီယာများ ဦးဆောင်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် လုပ်ငန်းများ လျင်မြန်စွာပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တာချီလိတ်မြို့၌ ရေဘေးပြန်လည်ထူထောင်ရေးလုပ်ငန်း အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး တွေ့ဆုံဆွေးနွေး

**တာချီလိတ် စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်သည် တာချီလိတ်မြို့၌ ရေဘေးပြန်လည်ထူထောင်ရေး လုပ်ငန်းများ စနစ်တကျနှင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေး ခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စက်တင်ဘာ ၂၂ ရက် နံနက် ၈ နာရီက အောင်မြတ်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

ဦးစွာ ပြည်နယ် လူမှုရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် ခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှင့် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်တို့က ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး နယ်မြေခံတပ်နယ်မှ ယာယီ ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက လျှပ်စစ်မီးနှင့် ရေရရှိရေးဆောင်ရွက်နေမှု၊ ရေဘေး ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နေမှု၊ ရေဘေးအန္တရာယ် လျော့ပါးရေး မယ်ဆိုင်ချောင်း ရေထိန်းနံရံ တည်ဆောက်ရန် လိုအပ်မှုတို့နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေး

**သုံးခွ စက်တင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့နံနက်ပိုင်းက ပျဉ်းမကန်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ် ဦးစီးမှူး ဦးထွန်းဆွေ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ပျဉ်းမကန်ကျေးရွာတွင် နေထိုင်သည့်ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးပြီး နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် မပျောက်ပျက်အောင် ထိန်းသိမ်းရမည့် နည်းလမ်းများကိုလည်း အသိပညာပေးပြောကြားခဲ့သည်။

ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များအား ရပ်ကွက်/ကျေးရွာများ၊ အခြေခံပညာကျောင်းများအထိ ကွင်းဆင်းဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရမည်းသင်းမြို့နှင့် တပ်ကုန်းမြို့ကြား လျှပ်စစ်မီးတိုင်များ ပြိုလဲမှု ဝိုင်းဝန်းပြုပြင်

**ရမည်းသင်း စက်တင်ဘာ ၂၂**

ရမည်းသင်းမြို့နယ် အတွင်း စက်တင်ဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လျှပ်စစ်ရုံးဝင်းအတွင်းရှိ ၃၃/၁၁ ကေဗွီ-၁၀ အမ်ဗွီအေ မြို့မဓာတ်အားခွဲရုံအတွင်းရေများ ဝင်ရောက်နစ်မြုပ်ခဲ့၍ရေစုပ်စက်ဖြင့် သုံးရက်ကြာ စုပ်ထုတ်ပြီး ဓာတ်အားလိုင်းများ ပြုပြင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၆ ရက်တွင် လျှပ်စစ်မီးလိုင်းများစစ်ဆေးပြီး ရမည်းသင်းမြို့ပေါ် ရပ်ကွက်နှင့် ကျေးရွာအချို့သို့ လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးနိုင်ကြောင်း သိရသည်။



စက်တင်ဘာ ၁၉ ရက်တွင် တပ်ကုန်းမြို့နယ်အတွင်း လေ၊ မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် တပ်ကုန်းမြို့နယ်မှ ရမည်းသင်းမြို့နယ်သို့ သွယ်တန်းထားသော ငွေတောင် ဓာတ်အားခွဲရုံအထွက် (ESE) ပိုင် ၃၃ ကေဗွီလိုင်း ဓာတ်တိုင် ၁၁ တိုင် ပြိုလဲပျက်စီးသွားရာ ပြုပြင်ခြင်း လုပ်ငန်းများကို နေပြည်တော်- တပ်ကုန်း-ရမည်းသင်းမြို့နယ်မှ လျှပ်စစ်ကျွမ်းကျင်လုပ်သား ၃၀ ကျော်နှင့် နေပြည်တော်ရုံးချုပ် အင်ဂျင်နီယာများဖြစ်သည့် ဦးအောင်ဇော်ဝင်းနှင့် ဦးရဲထွဋ်ဇော်တို့ ဦးဆောင်၍ အနီးကပ်ကြီးကြပ်၍ လျှပ်စစ်မီး အမြန်ပြန်လည်ရရှိရေး လုပ်ငန်းများ ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးတင်ဦး**

# ထူးခြားသည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပွလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ၂၃-၉-၂၀၂၄ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်း၌ လေဖိအားနည်းရပ်ဝန်းအဖြစ် ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် စက်တင်ဘာ ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သဘာဝဘေးကြောင့်ပျက်စီးခဲ့သော လမ်း၊ တံတားများ ယာယီပြင်ဆင်ပြီးစီးမှုအခြေအနေ၊ လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုအခြေအနေ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များနှင့် ခရီးသည်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုထားမှုအခြေအနေနှင့် မူလအခြေအနေအတိုင်း အခိုင်အမာ ပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ်းကပ်ခုံရေတိုက်စား၍ ပျက်စီးသွားသော မွန်းတည့်ခွင်-ကျည်တောင်-ခေါ်မ-ညောင်ပင်သာ လမ်းပေါ်ရှိ တံတားအမှတ်(၅/၁၆) ပေါင်းလောင်းတံတား၌ အရှည်ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာမှုနှင့် တံတား၏ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ လမ်းအပိုင်းရှိ Box Culvert နှင့် လမ်းသားပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

အဆိုပါလမ်းပိုင်းတွင် ပျက်စီးခဲ့သော တံတားအမှတ်(၂/၂၀)၏ တံတားထိပ်ခုံနှင့် ချဉ်းကပ်လမ်းနေရာတွင် အရှည်ပေ ၈၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊နှစ်လွှာတစ်ထပ်ယာယီဘေလီတံတားထိုးခြင်း ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာအသုံးပြုနေပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့ပတ်လမ်းပေါ်ရှိ ဆင်သေချောင်းတံတား (သိုက်ချောင်း)နေရာတွင် ယာဉ်သွားလာမှု ပိုမိုအဆင်ပြေလွယ်ကူစေရေးအတွက် အရှည် ပေ ၁၃၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တံတား နှစ်စင်း ယာယီထိုးပေးပြီး အသွားလမ်း၊ အပြန်လမ်းအသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပြီး ယာဉ်များစနစ်တကျဖြတ်သန်းသွားလာခွင့်ပြုထားသည့်အခြေအနေနှင့် တံတား Pier တိုင်နိမ့်ကျသွားခြင်းကို အခိုင်အမာပြုပြင်ဆောင်ရွက်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆင်သေချောင်းတံတား(ပုပ္ပါးကုန်း)၌ အရှည်ပေ ၇၀၊ ယာဉ်သွားလမ်းအကျယ် ၁၄ ပေ၊ တစ်လွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးသဖြင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာလျက်ရှိမှုနှင့် ပျက်စီးသွားသော ချဉ်းကပ်လမ်းနေရာတွင် လမ်းသားပြုပြင်ခြင်း ဆောင်ရွက်ပြီးစီးသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၂၄၅/၇)ရှိ နဝင်းချောင်းတံတား (အဆုံတံတား)သို့သွားရောက်ပြီး ချောင်းရေတိုက်စား ပျက်စီးသွားသည့် တံတားချဉ်းကပ်လမ်းနေရာ၌ တန် ၄၀ ခံနိုင်ဝန်ရှိသော အရှည်ပေ ၁၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ သုံးလွှာတစ်ထပ် ဘေလီတံတားထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ကုန်တင်ယာဉ်ကြီးများ၊ ခရီးသည်တင်မော်တော်ယာဉ်များ သတ်မှတ်ချက်အတိုင်း စနစ်တကျဖြတ်သန်းသွားလာမှု၊ တံတားကြံ့ခိုင်မှု၊ တံတား၏ Up Stream နှင့် Down Stream တို့တွင် ရေလမ်းကြောင်း ရှင်းလင်းဆောင်ရွက်ထားရှိမှုအခြေအနေနှင့် အမြဲတမ်းတံတားအဖြစ် တည်ဆောက်မည့် လျာထားစီမံချက်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

**တန် ၄၀ ခံနိုင်ဝန်မှ တန် ၅၀ ခံနိုင်ဝန်အထိ ဖြတ်သန်းခွင့်ပြုနိုင်ရေး**

အဆိုပါ နဝင်းချောင်းတံတားသည် ရန်ကုန် - မန္တလေး ပြည်ထောင်စုလမ်းမကြီးပေါ်တွင်ရှိပြီး ခရီးသည်တင်မော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်သည့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရာတွင် တန် ၄၀ ခံနိုင်ဝန်မှ တန် ၅၀ ခံနိုင်ဝန်အထိ ဖြတ်သန်းခွင့်ပြုနိုင်ရေးအတွက် ထောက်ကူပြင်ဆင်ဆောင်ရွက်ထားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများကြောင့် လမ်း၊ တံတားများ ပျက်စီးမှုများကို အချိန်နှင့်တစ်ပြေးညီ အမြန်ဆုံးပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ အများပြည်သူသွားလာရေး လွယ်ကူအဆင်ပြေလျက်ရှိပြီး ကုန်စည်များလည်း အဆက်မပြတ်ပို့ဆောင်နိုင်ပြီဖြစ်ကြောင်း၊ ယာယီပြင်ဆင်ပြီးစီးခဲ့သည့် လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုကို နေ့ညမပြတ် စောင့်ကြည့်ကြပ်မတ်လျက်ရှိကြောင်းနှင့် မူလအခြေအနေအတိုင်း ဖြစ်စေရေးအတွက် အခိုင်အမာပြင်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် လင်းခေးမြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တွင်လည်းကောင်း ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

**စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများပေးအပ်**

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် အလှူရှင်များက ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းခြင်းနှင့် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်သည်။

**ပြုပြင်ဆောင်ရွက်လျက်ရှိ**

ယင်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန် အတွက် ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာ ပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများ အစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင် ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံး ဆက်လက်ပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် အခြေခံပညာကျောင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၂**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဇော်မြင့်နှင့် ဒေါက်တာမိုးဇော်ထွန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(တံတားဦး)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ရေဘေးဒဏ်ကြောင့် စာသင်ခန်းအတွင်း ရေဝင်ရောက်မှု၊ စာသင်ဆောင်နှင့်ကျောင်းအတွင်း ရွံ့နွံများ၊ အမှိုက်များဖယ်ရှားရှင်းလင်း၍ သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆရာ ဆရာမများကို အားပေးစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဇေယျာသီရိမြို့နယ်အခြေခံပညာအထက်တန်းကျောင်း(ကျောက်ချက်)သို့ သွားရောက်၍ ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောင်းအုတ်တံတိုင်း၊ ကျောင်းဆောင်၊ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ဆရာဆရာမများအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ ပြန်လည်ပြုပြင်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် အစားထိုးအချိန်ပို သင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဇေယျာသီရိမြို့နယ် အခြေခံပညာမူလတန်းလွန်ကျောင်း(အိုင်စောက်)၊ ပျဉ်းမနားမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သကြားစက်)၊ အခြေခံပညာအထက်တန်းကျောင်း(ညောင်ပင်သာ)သို့ သွားရောက်ကာ ရေဝင်ရောက်မှုကြောင့် ကျောင်းအုတ်တံတိုင်း၊ ကျောင်းဆောင်၊ စာသင်ဆောင်ပျက်စီးမှုများအပေါ် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်ကြားရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မြန်မာနိုင်ငံတော်သီချင်း သီဆိုပြိုင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန် တိုင်းဒေသကြီး ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ မြန်မာနိုင်ငံတော်သီချင်း သီဆိုပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဒဂုံသီရိခန်းမ၌ ကျင်းပသည်။

ဦးစွာ Grade-9 မှ ကျောင်းသားကျောင်းသူများက "ထာဝရသစ္စာ" တေးသီချင်းဖြင့် ဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် မြန်မာနိုင်ငံတော်သီချင်းကို မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တို့မှ ကျောင်းသားကျောင်းသူများက အဖွဲ့လိုက် သီဆိုယှဉ်ပြိုင်ကြရာ ယဉ်ကျေးမှုတက္ကသိုလ်မှ ပညာရှင်များက အကဲဖြတ်ဒိုင်လူကြီးများအဖြစ် ဆောင်ရွက်ပေးသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသည့် အဖွဲ့များအား ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီးဦးဇော်ဝင်းက ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေကို လည်းကောင်း၊ ပြိုင်ပွဲတွင် အကဲဖြတ်ဒိုင်အဖြစ် ဆောင်ရွက်ပေးကြသည့် ပညာရှင်များအား ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က လည်းကောင်း၊ ပါဝင်တီးခတ်ပေးကြသည့် တေးဂီတအဖွဲ့အား ကျောင်းအုပ်ဆရာမကြီးက လည်းကောင်း ဂုဏ်ပြုဆုငွေများပေးအပ်ခဲ့ကြောင်း သိရသည်။



**အောင်မြင့်(ပြန်/ဆက်)**

# တောင်ငူမြို့ ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ လာရောက်လှူဒါန်း

**တောင်ငူ စက်တင်ဘာ ၂၂**

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ အမှတ်(၄)ရပ်ကွက် စခန်းအမှတ်စဉ်(၁) ရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့်လူသုံးကုန်ပစ္စည်းများ လာရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် ရေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစန်းစန်းမြင့်အောင်၊ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်နှင့်အဖွဲ့ဝင်များက စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။



**ဇော်ကိုကို(တောင်ငူ)**

# အင်္ဂပူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲပြုလုပ်

**အင်္ဂပူ စက်တင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကညွတ်ကွင်းကျေးရွာအုပ်စု ပုသိမ်-မုံရွာ ကားလမ်းမကြီးဘေး မိုင်တိုင်အမှတ်(၆၀/၂)အနီး ဘဲပြာကျေးရွာ အမက(ဘဲပြာ)တွင် ယနေ့နံနက်ပိုင်းက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပြုလုပ်သည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဦးသော်မွန်းကိုနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမက(ဘဲပြာ)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ကျွန်း ၂၅ ပင်၊ ပျဉ်းကတိုး ၂၅ ပင်၊ ရေတမာပင် ၂၀၊ ခရေ ၂၅ပင်၊ ကုံကော်ပင် ၂၀၊ စွယ်တော်ပင် ၂၀၊ စက္ကူပန်း ၂၅ ပင်၊ ဗာဒံပင် ၂၀နှင့် စိန်ပန်းပင် ၂၀ စုစုပေါင်းပျိုးပင် ၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆၈၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ အနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်း ဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၈၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နေရောင်အောက်က သက်ရှိတွေကို
စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါတုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးခြင်း လုပ်ငန်းစတင်ဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး(OCV) တိုက်ကျွေးခြင်း လုပ်ငန်းစတင်ဆောင်ရွက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကနောင်ခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့ (NITAG) အဖွဲ့ဝင်များ၊ UNICEF WHO IFRC MSF (Switzerland နှင့် Holland)၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ နိုးန္တယ်ဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (Oral Cholera Vaccine) တိုက်ကျွေးခြင်းလုပ်ငန်းသည် အခြားရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်အတူ ထိရောက်သော ရောဂါကာကွယ်ထိန်းချုပ်တုံ့ပြန်ရေးလုပ်ငန်းတစ်ရပ် ဖြစ်သောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှတစ်ဆင့် International Coordinating Group ထံ အဆိုပြုလွှာတင်သွင်းခဲ့ရာ အမေရိကန်ဒေါ်လာ လေးသန်းကျော်တန်ဖိုးရှိ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (Oral Cholera Vaccine) ၂၄၅၁၈၆၇ doses ကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၉ ရက်က လက်ခံရရှိပြီးဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုများသော မြို့နယ် ၃၅ မြို့နယ်မှ ရောဂါဖြစ်ပွားနိုင်ခြေရှိသော နေရာများတွင် နေထိုင်လျက်ရှိသည့် အသက် ၁ နှစ်အထက် ပြည်သူလူထုအား တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအပြင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနိုင်ခြေရှိသည့် အခြားတိုင်းဒေသကြီး ပြည်နယ်များရှိ ပြည်သူလူထုအား တိုက်ကျွေးနိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ရန်ကုန်တိုင်းဒေသကြီးအတွင်း စတင်ဆောင်ရွက်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို သတ်မှတ်ရက်အတွင်း စနစ်တကျအောင်မြင်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ တုံ့ပြန်ကာကွယ်ဆေး (OCV) တိုက်ကျွေးရန်လိုအပ်သည့် ပြည်သူများအား တစ်ဦးမကျန် တိုက်ကျွေးနိုင်ရေးအတွက် ယခု ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းတွင် လိုအပ်သည့်နေရာများ၌ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက် သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် လှိုင်သာယာမြို့နယ် စက်မှုဇုန်(၂)မှ ပြည်သူများအား ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး (OCV) တိုက်ကျွေး၍ အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး ရန်ကင်းမြို့နယ်ရှိ မိုးကောင်းဆုတောင်းပြည့်စေတီ ဓမ္မာရုံနှင့် ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေကြီးသံဃာ့နာယကရုံးတို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး တိုက်ကျွေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မော်ဘီမြို့နယ်၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေး တုံ့ပြန်တိုက်ကျွေး

မော်ဘီ စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေး တုံ့ပြန်တိုက်ကျွေးခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက မော်ဘီမြို့မဈေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးဝင်းစိုးက အဖွင့်အမှာစကား ပြောကြားပြီး မော်ဘီမြို့နယ် ပြည်သူ့ ကျန်းမာရေးဦးစီးဌာနညွှန်ကြားရေးမှူး ဒေါက်တာစောမြထွန်းမှ (Oral Cholera Vaccine–OCV) တိုက်ကျွေးခြင်း အကြောင်းရင်း အချက်အလက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁)ဗိုလ်မှူးပြည့်စုံကျော်က ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးမည့် အစီအစဉ်တွင် အကျိုးဝင်မည့်သူများအား ပြောကြားခြင်း၊ မော်ဘီမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ (ခေတ္တ)ဥက္ကဋ္ဌ ဦးမျိုးဝင်းက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားနိုင်ခြေရှိသည့် အခြေအနေများ၊ ကာကွယ်ဆေးထိုးခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကာကွယ်ဆေး (OCV) ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မော်ဘီမြို့မဈေးရှိ ဈေးသူဈေးသားများအား စတင်တိုက်ကျွေးပြီး မော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင်လည်း စက်တင်ဘာလတတိယပတ်နှင့် စတုတ္ထပတ်အတွင်း ဆက်လက်တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကောင်းမြတ်သူ**



# သဲကုန်းမြို့နယ်၌ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်

သဲကုန်း စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်ယူနိုင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က အထက(သဲကုန်း)ရှိ သာဓုခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ဦးစွာ မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးစောငြိမ်းသောင်းက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်ယူနိုင်ရေးသင်တန်းတွင် ပါဝင်ဆောင်ရွက်ပေးသည့် ဆရာ ဆရာမများအား ကြိုဆိုဂုဏ်ပြုကြောင်း မိတ်ဆက်စကားပြောကြားသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက သင်တန်းနည်းပြခန့်အပ်လွှာများ ပေးအပ်သည်။ ယင်းနောက် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ဝတ်စုံများနှင့် သင်ထောက်ကူပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်တွင် နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က ဝမ်းကန်ရပ်ကွက်ရှိ အမက(မြို့မ)ကျောင်း၌ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်မျိုးညွှန့်၊ ဦးဆောင်၍ စခန်းမှူး ဒုတိယရဲမှူးသန်းထွန်း၊ ရဲတပ်ဖွဲ့ဝင်နှင့်မိသားစုများက အမှိုက်၊ ပေါင်းမြက်များ ရှင်းလင်းကောက်ယူခြင်းနှင့်သစ်ပင်သစ်ကိုင်းများ၊ ချိုန္တယ်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အထက်ရေပုန်းရပ်ကွက်ရှိ အမကကျောင်းအတွင်းနှင့်အပြင်တို့တွင် ရေကြောင်းရဲတပ်ဖွဲ့စု(မြိတ်)မှ တပ်ဖွဲ့စုမှူး ရဲမှူးနိုင်ထွန်းလှိုင် ဦးဆောင်၍ တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မြက်ပင်၊ ချိုန္တယ်များ ခုတ်ထွင်ရှင်းလင်းဆောင်ရွက်စဉ်။ခိုင်ထူး(ပြန်/ဆက်)








## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်



၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

ဒေါက်တာထွန်းတင့်

## ဗျည်း ၃၃ လုံး၏ အနက်နှင့်အဓိပ္ပာယ်

**(ယမန်နေ့မှအဆက်)**

ဂ

ဂ သည် မြန်မာဘာသာတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် ပင်ကိုအဓိပ္ပာယ်လည်းမရှိ။ မြန်မာဘာသာတွင် ဂငယ်နှင့် ရေးသော ဝေါဟာရများရှိသော်လည်း မြန်မာဘာသာစကားများ မဟုတ်ဘဲ မွေးစားစကားများသာဖြစ်ကြသည်။

**သာဓက။ ။**

**ဂဇာ၊** နာ- ဆင်ရုပ်၊ မြင်းရုပ် စသည် ရေးဆွဲသော ရှေးရိုးမြန်မာပန်းချီ။
[ပါ၊ ဂဇ]

**ဂဏန်း၊** နာ- ၁၊ ၁၂၊၃၊၅၊၅၊၆၊ဂ၊ဇ၊ဂဟူသော သင်္ချာအမှတ်အသား။ ၂၊ ကိန်းအရေအတွက်။ ၃၊ ရေတွက်ခြင်းအတတ်။ [ပါ၊ ဂဏနာ]

**ဂတိ၊** နာ- သတ္တဝါတို့လားရာဘဝ။ [ပါ၊ ဂတိ]

**ဂဒူး၊** နာ- ဦးခေါင်းမှတင်ပါးအထိမိုးလုံးသော ဆောင်းစရာတစ်မျိုး။ ပက္ကလာ။ ပီလမ။ [မွန်၊ ဂဒိုဝ်]

**ဂနိုင်၊** နာ- ၁၊ သစ်ပင်ကြီးများ စည်ကားစွာ ပေါက်ရောက်လျက်ရှိသော လှည့်လည်ကြည့်ရှုချင့်စဖွယ် သာယာသောတော။ ၂၊ [ ရှေး ] တော။ [ မွန်၊ ဂွိုင်]

**ဂါထာ၊** နာ- ၁၊ ဆန်းကျမ်းတွင် ပြဆိုထားသည့် စည်းကမ်းတို့နှင့် အညီ ရေးစီသော ပါဠိကဗျာ။ ၂၊ လိုအင်ဆန္ဒပြည့်ဝစေကြောင်း သြောင်း၊ ဥံ့ ခံ၍ ရွတ်ရသောစာ။ [ပါ၊ ဂါထာ]

**ဂါလန်၊** နာ- အရည်ပမာဏကို ခန့်တွက်သော ချင့်ဝန်တစ်မျိုး။ [လိပ်၊ gallon]

**ဂူလီ၊** နာ- ၁၊ မြင်းစီးလျက် တုတ်တံဖြင့် ရိုက်ခတ်ကစားရသော သစ်သားလုံး။ ၂၊ ယင်းသို့ရိုက်ခတ်ကစားရသော ရှေးခေတ် အားကစားနည်း။ [သ၊ ဂေါလီ]

**ဂေဟာ၊** နာ- နေအိမ်။ [ပါ၊ ဂေဟ]

**ဂေါပက၊** နာ- စေတီပုထိုးစသည်ကို စောင့်ရှောက်ထိန်းသိမ်းသူ။ [ ပါ၊ ဂေါပက ]

**ဂေါ်ပြား၊** နာ- ၁၊ မြေကို တူးဆွကော်ယက်ခပ်ယူရသော ငန်းပြားကြီး။
၂၊ အမှိုက်များကို သိမ်းယူရာတွင် သုံးသောပစ္စည်း။ [ မြန်၊ ကော်ပြား ]

**ဂုဏ်၊** နာ- ၁၊ သက်ရှိသက်မဲ့တို့၏ အရည်အချင်း၊ အစွမ်းသတ္တိ။ ၂၊ [စာပေ]အရေးအသား အစီအကုံးတွင် ကောင်းမြတ်သော အရည်အချင်း။ [ပါ၊ ဂုဏ]

**ဃ**

**ဃ** သည် မြန်မာဘာသာတွင် အနက်မရှိပါ။ အနက်မရှိသဖြင့် အဓိပ္ပာယ်လည်းမရှိပါ။ မြန်မာဘာသာတွင် **ဃ**ကြီးနှင့် ရေးသော ဝေါဟာရများရှိသော်လည်း မြန်မာဘာသာစကားများ မဟုတ်ဘဲ မွေးစားစကားများသာဖြစ်သည်။

**သာဓက။ ။**

**ဃဋ္ဌီ၊** နာ- နှစ်ဆယ့်လေးမိနစ်နှင့် ညီမျှသော ကာလအပိုင်းအခြား။ မြန်မာနာရီ တစ်နာရီ။ [သ၊ ဃဋ္ဌိကာ]

**ဃနာန္ဓိဆွမ်း၊** နာ- နွားနို့ဖြင့် ကျိုချက်သောဆွမ်း။ [ပါ၊ ဃန + မြန်၊ နို့ဆွမ်း]

**ဃရာဝါသ၊** နာ- အိမ်ထောင်ပြုခြင်း။ [ပါ၊ ဃရာဝါသ]

**ဃောသအက္ခရာ၊** နာ- အသံပြင်းသောအက္ခရာ။သံပြင်းအက္ခရာ။ (ဂ၊ ဃ၊ ဇ၊ ဓ၊ ဗ၊ ဒ၊ ဓ၊ ဘ၊ မ၊ ယ၊ ရ၊ လ၊ ဝ၊ ဟ၊ ဠ ဟူ၍ အက္ခရာ၂၁ လုံးရှိသည်။) [ပါ၊ ဃောသ+အက္ခရ]

**သံဃာ၊** နာ- မြတ်စွာဘုရား၏ တပည့်ရဟန်းအပေါင်း။ [ ပါ၊ သံဃ]

**သံဃာစင်၊** နာ- အလှူမဏ္ဍပ်တွင် ရဟန်းတော်များ သီတင်းသုံးရာစင်။ [ ပါ၊ သံဃ + မြန်၊ စင် ]

**အာဃာတ၊** နာ- တစ်စုံတစ်ဦးအပေါ် မကျေနပ်သောကြောင့် အန္တရာယ်ပြုရန် စိတ်တွင်တေးမှတ်ထားခြင်း။ ရန်ငြိုး။[ ပါ၊ အာဃာတ ]

**င**

**င** ၏အနက်လည်း 'ပေါင်းစည်း'ပင်ဖြစ်သည်။ ထို့ကြောင့်ထိမိသည်၊ ဆက်စပ်သည်၊ စုံစေ့သည်၊ မျှသည် စသည့်အဓိပ္ပာယ်များကို ဆောင်သည်။

**င**[၁] ကြိ- စေ့စုံသည်။ လုံလောက်သည်။ စေ့စုံသည် ဆိုသည်မှာ လိုအပ်သောအရေအတွက် ရှိသင့်သောအရေအတွက်သို့ ရောက်ရှိကိုက်ညီမျှတသည့်သဘော ဖြစ်သည်။ ထိမိဆက်စပ်သည့် အနက်ပင်ဖြစ်သည်။ ပေးဝေရမည့်ပစ္စည်းနှင့် လက်ခံရယူမည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်းကိုက်ညီသဖြင့် အားလုံး ရရှိကြသည်ကို **င** သည်ဟု ဆိုသည်။ ကြိယာဖြစ်သော **င** ကို ကုံ၊ စေ့၊ လောက် စသည်တို့နှင့် တွဲဖက်၍ ကုံ**င**သည်၊ စေ့**င**သည်၊ လောက်**င**သည် စသည်ဖြင့် သုံးသည်။

**င**[၂] ၊ စည်း- ယောကျ်ားအမည်ရှေ့တပ်စကားလုံး။ ပုဂံခေတ်၊ ပင်းယခေတ် စသည့်ခေတ်များက ကျောက်စာများတွင် ယောကျ်ားများ၏ အမည်ရှေ့တွင် **င** ကိုတပ်၍ **ငပွင့်**၊ **ငဆင့်** စသည်ဖြင့် ခေါ်လေ့ရှိသည်။ **င** အစား **ဂါ** ကိုလည်း သုံးသည်။ **ဂ** ၏ အနက်မှာ ပေါင်းစည်းနက်ပင်ဖြစ်၍အပေါင်းအစည်း၊ အစုအဖွဲ့၊ အကောင်အထည်ဖြစ်သော "ကို" ကို ရည်ညွှန်းသည်။ နောင်အခါ ပေါင်းစည်းနက်ပင်ဖြစ်သော မောင်၊ ကို၊ ဦး စသည်ဖြင့် အရွယ်အရ ခွဲခြားခေါ်ကြသည်။ မောင်၊ ကို၊ ဦး တို့၏ အနက်လည်း အလုံးအတွေ့၊ အပေါင်းအဖွဲ့ပင်ဖြစ်သည်။ နာမ်စား ဖြစ်သည့် **ဂါ** သည်လည်း နာမ်စားဖြစ်သော ကို [ရှေး] ကိုဝ် [ယခု] ကိုယ်နှင့် အတူပင်ဖြစ်သည်။

**စ**

**စ** ၏အနက်လည်း "ပေါင်းစည်းခြင်း"ပင်ဖြစ်သည်။ **စ** ကို **စက်**သည်၊ **စပ်**သည် စသော ဝေါဟာရများနှင့် နှိုင်းယှဉ်၍ အနက်ဖော်ပါက ပို၍ပေါ်လွင်ပါလိမ့်မည်။ ဆက်စပ်သည်၊ ထိမိသည်၊ ယှဉ်နှိုင်းသည် စသော အနက်သဘောများဖြစ်သည်။ **စ** သည် စ၊ စာ၊ စားဟူသော တက်ကျသံ သုံးမျိုးတွင် သက်သံဖြစ်သည်။ အသံအားဖြင့် အားအနည်းဆုံးသော အသံဖြစ်သည်။ အနက်အားဖြင့်လည်း အားအနည်းဆုံး အနက်ဖြစ်သည်။

**စ** ၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် "ကြိ- ၁၊ ရှေးဦးပြုသည်။ ၂၊ ကျီစားသည်။ နောက်သည်။ ပြောင်သည်" ဟူ၍ ဖွင့်ပြထားပါသည်။ ပစ္စည်းအနေဖြင့် စည်း-၁၊ အမေးကိုပြသောစကားလုံး။ "ဟုတ်ပါလေ**စ**"။ ၂၊ ကြိယာအနက်ကို လေးနက်အောင်၊ ပြေပြစ်အောင် ထောက်ပံ့သော စကားလုံး။ "မမြင်**စ**ဖူး၊ ရုက်**စ**နိုး။"

မူလသက်ရောက်သောအနက်ကို ကြံဆဆင်ခြင်ရသော်- ရှေးဦးပြုသည် ဆိုသည်မှာ ပြုဖွယ် ကိစ္စတစ်ခုခုကို ဦးစွာပြုသည့် သဘောဖြင့် ထိုပြုဖွယ်ကိစ္စရပ်ကို ဦးစွာ ဆက်စပ်ထိတွေ့လိုက်ခြင်းပင်ဖြစ်သဖြင့် ပေါင်းစည်းနက်ပင်ဖြစ်သည်။ "ကျီစားသည်၊ နောက်သည်၊ ပြောင်သည်။" ဆိုသည်မှာလည်း တစ်စုံတစ်ယောက်ကို၊ တစ်စုံတစ်ရာသောပစ္စည်း၊ တစ်စုံတစ်ရာသောစကား စသည့်အကြောင်းအရာနှင့် ဆက်စပ်ပြောဆို ဆောင်ရွက်ပြုလုပ်သည်ပင်ဖြစ်သည်။ "နောက်သည်၊ ကျီစားသည်" စသည်ကို အချို့ဒေသတွင်**တို့**သည်ဟု ပြောကြသုံးနှုန်းကြသည်။

အမေးပစ္စည်း **စ** ၏ အနက်မှာလည်း သိလိုသော အကြောင်းအရာတစ်ခုခုနှင့်ပတ်သက် ဆက်စပ်၍ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏၊ ဆိုသည်ကို မေးမြန်းစုံစမ်းခြင်းပင်ဖြစ်သဖြင့် ထိမိဆက်စပ်နှိုင်းယှဉ်ခြင်း အနက်ပင်ဖြစ်၍ ပေါင်းစည်းခြင်းသဘောပင်ဖြစ်သည်။

"မမြင်**စ**ဖူး၊ မကြား**စ**ဖူး" တို့မှ **စ** သည်လည်း မမြင်ဖူးဘူး၊ မကြားဖူးဘူး ဆိုသည့်သဘောတွင် အမှန်တကယ် မမြင်ဖူး၊ မကြားဖူးသည့် သဘောကို ထိထိမိမိ၊ တိတိကျကျ ပေါ်လွင်စေသောအနက်ကို ဖြစ်စေပါသည်။

တက်ကျသံတွင် သက်သံဖြစ်သော **စ** သံ၏ အနက်ဆက်နွယ်သံ **စက်** နှင့် **စပ်** တို့၏ အနက်သည်လည်း ပေါင်းစည်းနက်ပင်ဖြစ်သည်။

**စက်** ကို မြန်မာအဘိဓာန်တွင် "ကြိ - ၁၊ ချိန်နှိုင်းသည်။ ချိန်တွယ်သည်။ ၂၊ ဆက်လက်ကူးပြောင်းပျံ့နှံ့သည်။ ၃၊ (မင်း၊ မိဖုရား စသည်) အိပ်သည်။"ဟု အဓိပ္ပာယ်ဖွင့်ထားပါသည်။ ဆက်စပ်သည့်သဘော၊ ထိမိသည့်သဘော၊ ပေါင်းစည်းသည့်သဘောပင်ဖြစ်ပါသည်။ ချိန်နှိုင်းသည်၊ ချိန်တွယ်သည်ဆိုသည်မှာ ကောင်းသည် ဆိုးသည်၊ ရှုံးသည် မြတ်သည်၊ တော်သည် ညံ့သည် စသည်တို့ကို ဆက်စပ်ကြည့်ခြင်းဖြစ်ပါသည်။ ဆက်လက်ကူးပြောင်းပျံ့နှံ့သည်ဆိုသည်မှာ တစ်ခုနှင့်တစ်ခု ထိ၍ဆက်၍ဖြစ်သည့် သဘောဖြစ်သဖြင့် ပေါင်းစည်းခြင်းအနက်ပင်ဖြစ်ပါသည်။ အထူးသဖြင့် ရောဂါ၊ မကောင်းသောအကျင့်စသည် ကူးပျံ့ရာတွင် သုံးလေ့ရှိသည်။ ကူးနှင့်တွဲ၍ ကူးစက်သည်ဟု သုံးလေ့ရှိသည်။ **စက်** နှင့် **ကူး** အနက်တူပင် ဖြစ်သည်။

**စပ်** လည်း **စ** နှင့် အနက်တူပင်ဖြစ်သည်။ မြန်မာအဘိဓာန်တွင် **စပ်**ကို "ကြိ- ၁၊ ပူးကပ်သည်။ ၂၊ ပေါင်းသည်။ ရောသည်။ ၃၊ သက်ဆိုင်သည်။ ၄၊ (အမျိုး) တော်သည်။ ၅၊ စီကုံးဖွဲ့နွဲ့သည်။ ၆၊ အဆက်အသွယ်ပြုသည်။"ဟူ၍ အဓိပ္ပာယ်ဖွင့်ထားပါသည်။ မြန်မာအဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ထားသော ကြိယာနက် ခြောက်ခုလုံး ပေါင်းစည်းခြင်း၊ ဆက်နွယ်ခြင်း၊ ပူးတွဲခြင်း၊ ရောယှက်ခြင်း စသောအနက်များဖြစ်သည်။ ကမ်း**စပ်**၊ ဆံ**စပ်** ဟူသောဝေါဟာရများသည် ကမ်း**စ**၊ ဆံ**စ** ပင်ဖြစ်ပါသည်။

**(ဆက်လက်ဖော်ပြပါမည်)**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါ တွေ့ဆုံ



**ဝါရှင်တန် စက်တင်ဘာ ၂၂**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါတို့ အမေရိကန်နိုင်ငံ ဒီလာဝဲပြည်နယ်၌ ယမန်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ် ကီရှီဒါသည် ဂျိုးဘိုင်ဒင်၏ သမ္မတသက်တမ်းမကုန်မီ လအနည်းငယ်အလိုတွင် ရာထူးမှ နုတ်ထွက်တော့မည်ဖြစ်သည်။

နှစ်နိုင်ငံဆက်ဆံရေးအတွက် ကောင်းကျိုးများဖြစ်ထွန်းပြီး အပြန်အလှန်အကျိုးပြုမှုများအပေါ် ခေါင်းဆောင်နှစ်ဦးက ချီးမွမ်းပြောကြားသည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံများသည် စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်နေရသည့်အတွက် ဂျပန်-အမေရိကန် မဟာမိတ်နှင့် ပူးပေါင်းဆောင်ရွက်မှုသည် ပိုမိုအရေးကြီးကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ပြောသည်။

ဂျိုးဘိုင်ဒင်၏ သမ္မတသက်တမ်းတွင် နှစ်နိုင်ငံ မဟာမိတ်ပူးပေါင်းဆောင်ရွက်မှုကို ယခင်ကထက် ပိုမိုတိုးတက်ကောင်းမွန်စေရန် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း ကီရှီဒါက ဆက်လက်ပြောသည်။

ဗြိုလ်တွင် ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်အပေါ် အခြေခံ၍ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် ၎င်းတို့၏ ကတိကဝတ်ကို ခေါင်းဆောင်နှစ်ဦးက ထပ်မံအတည်ပြုကြောင်း သိရသည်။

ထို့ပြင် နှစ်နိုင်ငံအနေဖြင့် လွတ်လပ်ပွင့်လင်းသော မိတ်ဖက်နိုင်ငံများအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းတို့က အတည်ပြုပြောကြားခဲ့သည်။

**ကိုးကား - အင်နှအိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဒေသတွင်း၌ နောက်ထပ်ရာဇဝတ်မှုများ မကျူးလွန်ရန် အီရန်သမ္မတ မာဆော့ ပီဇက်ခီရန်က အစ္စရေးကို သတိပေး

**တီဟီရန် စက်တင်ဘာ ၂၂**

ဒေသတွင်း၌ နောက်ထပ်ရာဇဝတ်မှုများ မကျူးလွန်ရန် အီရန်သမ္မတ မာဆော့ ပီဇက်ခီရန်က အစ္စရေးကို သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံ မြို့တော် တီဟီရန်၌ ကျင်းပသည့် စစ်ရေးပြအခမ်းအနားတွင် အီရန်သမ္မတ မာဆော့ ပီဇက်ခီရန်က မိန့်ခွန်းပြောကြားရာ၌ အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

၁၉၈၀ ပြည့်နှစ်က စတင်ခဲ့သော အီရန်-အီရတ် စစ်ပွဲ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် အီရန်နိုင်ငံက နိုင်ငံတစ်ဝန်း၌ စစ်ရေးပြ ချီတက်ပွဲများကို နှစ်စဉ် ပြုလုပ်လေ့ရှိသည်။

အဆိုပါစစ်ရေးပြပွဲအခမ်းအနားတွင် ဒုံးကျည်များ၊ တင့်ကားများအပါအဝင် နည်းပညာမြင့် တိုက်ခိုက်ရေးဒရုန်း အမျိုးအစားသစ်ကို ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခဲ့သည်။

Shahed-136B မောင်းသူမဲ့လေယာဉ်သည် ကီလိုမီတာ ၄၀၀၀ ကျော် ပျံသန်းနိုင်ကြောင်း အီရန်အစိုးရပိုင် ရုပ်မြင်သံကြားဌာနက ဖော်ပြခဲ့သည်။

ဒေသတွင်း၌ စည်းလုံးညီညွတ်မှုရှိမည်ဆိုပါက အစ္စရေးအနေဖြင့် ရာဇဝတ်မှုများကို ကျူးလွန်နိုင်ခြင်းမရှိနိုင်ကြောင်း အီရန်သမ္မတ မာဆော့ ပီဇက်ခီရန်က ပြောကြားသည်။

ဇူလိုင်လတွင် တီဟီရန်မြို့တော်၌ ထိပ်တန်းဟားမတ်စ်ခေါင်းဆောင်တစ်ဦး လုပ်ကြံသတ်ဖြတ်ခံရမှုကို လက်စားချေရန် အီရန်က ၎င်း၏ ကတိကို ပျက်ကွက်မည်မဟုတ်ကြောင်း အီရန်သမ္မတ မာဆော့ ပီဇက်ခီရန်က ပြောကြားသည်။

**ကိုးကား - အင်နှအိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# ဂါဇာကမ်းမြောင်ဒေသ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၇ ဦး သေဆုံး

**ကျေရုဆလင် စက်တင်ဘာ ၂၂**

ဂါဇာကမ်းမြောင်ဒေသ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၁၇ ဦး သေဆုံးခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီ WAFA က ယနေ့ သတင်းဖော်ပြသည်။

အစ္စရေးတပ်ဖွဲ့က ဂါဇာမြို့အနောက်ဘက်ရှိ Kafr Qasem စာသင်ကျောင်းအား လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ပါလက်စတိုင်း ခုနစ်ဦး သေဆုံးပြီး ထိခိုက်ဒဏ်ရာအများအပြားရရှိခဲ့ကြောင်း သိရသည်။ သို့သော် အစ္စရေးလေတပ်သည် အဆိုပါ စာသင်ကျောင်း၀င်းအတွင်းရှိ ဟားမတ်စ် စစ်သွေးကြွများကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က အခိုင်အမာပြောကြားသည်။

အလားတူ ဂါဇာအလယ်ပိုင်းရှိ လူနေအိမ်တစ်လုံးအား အစ္စရေး၏ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အခြားပါလက်စတိုင်း လေးဦး သေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီ WAFA က သတင်းဖော်ပြသည်။ အစ္စရေးတပ်ဖွဲ့၀င်များသည် ခန်ယွန်နစ်မြို့အရှေ့ဘက်ရှိ ခူဇာအာမြို့ကို အမြောက်များဖြင့် ပစ်ခတ်မှုကြောင့် အရပ်သားနှစ်ဦးသေဆုံးခဲ့ကြောင်း ပါလက်စတိုင်းသတင်းအေဂျင်စီ WAFA က သတင်းထုတ်ပြန်သည်။ ရာဖာမြို့အရှေ့ဘက်ရှိ al-Attatirah ဇရိယာမှ အလောင်း လေးလောင်းကို အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များက ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်ပြီး အစ္စရေးတပ်ဖွဲ့၀င်များက မှတ်ချက်ပေးခြင်းမရှိသေးပေ။

အစ္စရေးနိုင်ငံသည် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်အဖွဲ့အား ကြီးမားသော ထိုးစစ်ဆင်တိုက်ခိုက်မှုကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က စတင်ဆင်နွှဲလျက်ရှိရာ အစ္စရေး၏တိုက်ခိုက်မှုကြောင့် လက်ရှိအချိန်အထိ ပါလက်စတိုင်းသေဆုံးသူ ၄၁၄၃၁ ဦးရှိကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ယနေ့သတင်းထုတ်ပြန်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံက ရေနံထုတ်ကုန်တင်သွင်းမှုများအတွက် ယခုနှစ်ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၁၆၆၃ သန်းကုန်ကျ

**ဖနောင်ပင် စက်တင်ဘာ ၂၂**

ကမ္ဘောဒီးယားနိုင်ငံသည် ဒီဇယ်ဆီနှင့် ဓာတ်ဆီတင်သွင်းမှုများအတွက် ၂၀၂၄ ခုနှစ် ပထမရှစ်လတာကာလအတွင်း အမေရိကန်ဒေါ်လာ ၁၆၆၃ သန်းကုန်ကျခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမရှစ်လအတွင်း ဒီဇယ်ဆီတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၁၀၀၆ သန်းကုန်ကျခဲ့ပြီး ဓာတ်ဆီတင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၆၅၇ သန်းကုန်ကျခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက ဒီဇယ်ဆီတင်သွင်းမှုတွင် ၁၆ ရာခိုင်နှုန်းနှင့် ဓာတ်ဆီတင်သွင်းမှုတွင် ၂၁ ရာခိုင်နှုန်းအသီးသီး မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် လက်ရှိတွင် ဒီဇယ်ဆီနှင့် ဓာတ်ဆီတို့ကို တင်သွင်းမှုအပေါ်အဓိက မှီခိုနေရကြောင်း သိရသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်တွင် ရေနံထွက်ကုန်လိုအပ်ချက် တန်ပေါင်း ၂ ဒသမ ၈ သန်းလိုအပ်ခဲ့ရာမှ ၂၀၃၀ ပြည့်နှစ်တွင် တန်ပေါင်း ၄ ဒသမ ၈ သန်းအထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားကြောင်း ကမ္ဘောဒီးယားနိုင်ငံ သတ္တုတွင်းနှင့် စွမ်းအင်ဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အီရန်နိုင်ငံအရှေ့ပိုင်း၌ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့် ၅၁ ဦး သေဆုံး

**တီဟီရန် စက်တင်ဘာ ၂၂**

အီရန်နိုင်ငံအရှေ့ပိုင်း တောင်ခိုရာဆန်ပြည်နယ်၌ ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၅၁ ဦးရှိကြောင်း တက်စနစ်သတင်းဌာနက စက်တင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ကျောက်မီးသွေးတွင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ၂၀ အထိ ရှိကြောင်း တောင်ခိုရာဆန်ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှုဌာနမှ ညွှန်ကြားရေးမှူးချုပ် မိုဟာမက်အလီအက်ခွန်ဒီ၏ ပြောကြားချက်ကို ကိုးကား၍ တက်စနစ်သတင်းဌာနက သတင်းဖော်ပြသည်။

Madanjoo ကုမ္ပဏီက ပိုင်ဆိုင်သော အဆိုပါကျောက်မီးသွေးတွင်း ပေါက်ကွဲမှုသည် စက်တင်ဘာ ၂၁ ရက် ဒေသစံတော်ချိန် ည ၉ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများအား ဆေးရုံဆေးခန်းများသို့ ပို့ဆောင်ထားကြောင်း သိရသည်။

တောင်ခိုရာဆန်ပြည်နယ်အာဏာပိုင်များအနေဖြင့် ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် သုံးရက်တာအများပြည်သူရုံးပိတ်ရက်အဖြစ် ကြေညာခဲ့ကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ IRNA က သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ ပြည်ထဲရေးဝန်ကြီး အက်စ်ကန်ဒါကလည်း ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ဆောင်ရန် တောင်ခိုရာဆန်ပြည်နယ်မြို့တော်ဝန် ဂျာဗက်ဂီနက်အား ညွှန်ကြားထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# တရားမဝင် စက်သုံးဆီများ၊ ယာဉ်အပိုပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်) ၌ ခရီးသည် သုံးဦး၏ ဝန်စည်များအတွင်းမှ လုပ်ငန်းသုံး ပစ္စည်းသုံးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးနှင့် လက်ဝတ်ရတနာ ပစ္စည်း ၁၈ မျိုး (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၈၄၅၂၇၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် ညောင်ခါး ရှည် X-Ray စက် စစ်ဆေးရေး ဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း သုံးမျိုး ယာဉ်အပိုပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace တစ်စီး၊ Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ဘုရားကြီးမြို့ လမ်းဆုံအနီး၌ သဲထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် JAC Express Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၈၂၀၀၀၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၀ ရက်တွင် မြောင်းမြခရိုင်အတွင်း၌ လိုင်စင်မဲ့ Luojia-125 ဆိုင်ကယ် တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်း ကောင်း၊ ဖျာပုံခရိုင် ဘိုကလေး မြို့နယ် သရော်ချောင်းကျေးရွာ အုပ်စု၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် တိရစ္ဆာန်တစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း သုံးမျိုးနှင့် စက်လှေတစ်စင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၄၀၀၀) ကိုအရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေ အရလည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ပုသိမ်ခရိုင်၊ မအူပင် ခရိုင်နှင့် လပွတ္တာခရိုင်တို့ အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ပုသိမ် ခရိုင် ပုသိမ်မြို့နယ်အတွင်း၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ခုနစ်ပီပါနှင့် ဒီဇယ်နှစ်ပီပါ (ခန့်မှန်း တန်ဖိုးငွေကျပ် ၅၆၆၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်း ဥပဒေ အရလည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၃၈၀၆၄၀၀၀ ကို သိမ်းဆည်း အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မုံရွာမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန် ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၂၅၀၀၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) ကိုလည်းကောင်း၊ ကျွဲတပ်ဆုံ စစ်ဆေးရေးစခန်း၌ အောင်ပန်းမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၀၀၀၀၀)ကိုလည်းကောင်း၊ မန္တလေး-ပြင်ဦးလွင် ကားလမ်း မိုင်တိုင်အမှတ်(၁၉)နှင့် (၂၀)ကြား၌ လားရှိုးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၅၇၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan AD Station Wagon တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၄၅၅၀၆၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၂၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျိုင်းတုံမြို့ရှောင်လမ်းမ ကျိုင်းဖောင်းဂိတ်အနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ဆိုင်ကယ်အပိုပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်း များ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၅၆၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက် ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ စက်တင်ဘာ ၂၀ ရက် နှင့် ၂၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၆ မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၈၂၀၉၇၀၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းမြို့နှင့် တာချီလိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၂၂

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် နံနက် ၇ နာရီတွင် စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတားအနီး၌ SURF အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၀၅၅ ပြားကိုလည်းကောင်း၊ အလားတူ ညနေ ၅ နာရီတွင် တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက် မယ်ခေါင်(၂)လမ်းရှိ စိုင်းလော်ဆိုင်အား ၄ဘားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒဿမ ၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



စိုင်းလော်ဆိုင်အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။


## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၃-၉-၂၀၂၄ တနလ်ာနေ

MRTV HD

06:00 အန္တရာယ်ကင်းပရိတ်တရားတော်
(မေတ္တသုတ်၊ရတနသုတ်၊တေဘ္ဗဂံသုတ်)
07:00 နံနက်ခင်းသတင်း
08:20 သုတဝေဖြာမျှဝေရာပညာဘက်တိုက်
စာကြည့်တိုက်
09:29 တန်ဖိုးပြင့်မား မြန်မာ့ကော်ဖီစိုက်ကြပါစို့လား
10:29 ရွှေဝတ္ထုပြိုအလှ
11:19 ဘဝနှင့်အနုပညာ
'သက်ဝင်ရွယ်များ၊ဝုံရိုဝ်များ နှင့် ငတးအရှသင်ဒဲ့သူ'
'အောမ်းတင်တင်လှ' (အပိုင်း-၂)
12:29 နိုင်ငံခြားဇာတ်လမ်းတွဲ
'ဒိုင်ဆိုင်နှင့်ဗရိတဲ့အချစ်နိုဝုံး' (အပိုင်း-၄၇)
13:00 MRTV National News
13:30 ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ
13:50 မျိုးဂုက်တင်စေဆိုကဇာတီးအပေါ

mitv

07:01 Evergreen Classic: Awayyar Horntu (Sein Lei Lei)
07:08 CBT in Hopone Township
07:20 Thilawa SEZ Thriving Model Special Economic Zone
07:50 The Art of Sand Painting
08:01 News
08:26 Asia Updates: Quest for Soil
08:55 People's Military Service Law 4
09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi-4) 1970-1989
08:38 Danu Food: Mone Nyin Saw Dish
09:43 Artist Life: Designer Nay Chi Win Lai Yee
10:01 News
10:26 Topical Topics: Thabyuthee or Elephant Apple Curry

MRTV NRC

ဝ (၀၆:၀၀ မှ ၀၈:၀၀)
ဝဖိုးရာရက်ကန်းနှင့်အထည်
ကချင် (၀၈:၀၀ မှ ၁၀:၀၀)
ကချင်ရိုးရာဟူရိုယာများအကြောင်းသိကောင်းစရာ
ကယား (၁၀:၀၀ မှ ၁၂:၀၀)
ပန်ကျည်းပင်တစ်ပင်ရဲ့အကျိုးကျေးဇူး
ဝဏ္ဏကရင် (၁၂:၀၀ မှ ၁၃:၀၀)
တောင်ပေါ်သူတို့ရဲ့ရိုးရာဟင်းလျာ
အနောက်ပိုင်းကရင် (၁၃:၀၀ မှ ၁၄:၀၀)
ပန်းတစ်ပွင့်ရဲ့အနာဂတ်ခရီးလမ်း
အရှေ့ပိုင်းကရင် (၁၄:၀၀ မှ ၁၅:၀၀)
တွေ့မြင်ခံစားကြောင်းတောင်ပေါ်မှမြင်ကွင်းများ
ချင်း (လိုင်မိုး) (၁၅:၀၀ မှ ၁၆:၀၀)
ချင်းပိုးရာဝေါင်းဆောင်းပြုလုပ်နည်း
ချင်း (ဇိုး) (၁၆:၀၀ မှ ၁၇:၀၀)
ကိုက်လန်၏ကျန်းမာရေးအကျိုးကျေးဇူးများ
မွန် (၁၇:၀၀ မှ ၁၉:၀၀)
ရာမညပြေမှအပွေအနှစ်များ
ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)
ကြည်ညိုဖွယ်မြေ်ကိုးသောင်းပုထိုးတော်
ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)
ဖူးပွင့်စုံညီပန်းလှရာသီ

MRTV NEWS

06:00 အပွင့်၊ တေးသီချင်း
06:20 အားကစားသတင်း
08:20 နိုင်ငံတကာသတင်း(LIVE)
08:29 Weekly Selected News
09:00 ပြည်တွင်းသတင်း (LIVE)
11:29 Sports Diary
12:29 ထူးခြားစုံလင်အာရုပဗိမိတ်အစီအစဉ်
13:20 နိုင်ငံတကာသတင်း(LIVE)
15:00 MRTV National News
16:00 သတင်းမုန်ကဏ္ဍ(LIVE)
17:00 ပြည်တွင်းသတင်း (LIVE)
17:20 နိုင်ငံတကာသတင်း(LIVE)
17:29 သတင်းသမားပြောတဲ့သတင်းစကား

MRTV PARLIAMENT

09:00 အပွင့်၊ အလံ
09:29 ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
'ရုရှားနိုင်ငံ'
09:30 ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို
'တာဝန်နှင့်လူ'
10:00 ပြည်သူစစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
'ဝစ်မွထမ်းဥပဒေဖက်ဆင့်သုံးသေးတဲ့ နိုင်ငံများအကြောင်း'
11:20 ဂရုသိုမှီပည်ပန်းတိုင်းဆီ (အပိုင်း-၃၇)
11:00 Economic Review

MRTV FARMERS HD

06:00 အပွင့်၊ နိုင်ငံတော်သီချင်း
06:29 စိုက်မွေးကဏ္ဍအတွက် ရေသည်အသက်ရေသည်ရိက္ခာ
07:00 တောင်သူလယ်သမားရေးရာသတင်း
08:00 Modern Agriculture Machines That Are At Another Level #4
11:00 Way Back Home (နိုင်ငံခြားဇာတ်လမ်း)

MRTV SPORTS HD

06:00 အပွင့်
06:10 လူငယ်တို့အတွက်လမ်းပြကြယ်
06:20 Football Highlights
07:20 Weekly Sports Info
11:00 အားကစားသတင်း
12:29 မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု (Thitsar Arman FC Vs Yangon United FC)

Scan Here
MRTV MRTV MRTV Radio MRTV Radio
Education Channel တို့

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၂



တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် တပ်ကုန်းမြို့ ငွေတောင်တောရကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ တပ်ကုန်းမြို့ စန္ဒိမာရာမ ဂိုဏ်းထောက်ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ စန္ဒိမာဓဇ အမျှူးပြုသော ဆရာတော်၊သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာဓဇ ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖွားသရဏဂုံသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို ဂိုဏ်းထောက် ပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် ဆရာတော်၊သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) မှ အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်းရည်ရွယ်ချက်ကို တပ်မတော်အရာရှိကြီး တစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် တပ်ကုန်းမြို့ ငွေတောင်တောရ ကျောင်းတိုက် ဆရာတော် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိဇ္ဇောတကထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်းခြင်း အခမ်းအနားကို ရပ်သိမ်းသည်။

နေပြည်တော် တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာတို့အတွက် တပ်မတော် (ကြည်း၊ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀ဖ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လှူဒါန်းမှု အစုစုမှာ အလှူငွေကျပ် ၂၀၄၆၉၀၀၀၊ ဆန် ၅၁၇ အိတ်၊ ဆီ ၁၅၅ ပိဿာ ၁၀ ကျပ်သား၊ ပဲ ၁၅၅၁ ပိဿာ၊ ဆား ၁၅၅၁ ပိဿာ၊ ဆေးမျိုးစုံ ၇၅၆ ဘူးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်






နှစ်(၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းဒန် ဦးဆောင်သော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ သန်လျင်မြို့ အမှုထမ်းရပ်ကွက် ကျိုက်ဇောခိ စေတီတော်မြတ်ကြီးတွင် စုပေါင်းသန့်ရှင်းလုပ်ငန်းများ ဆောင်ရွက်စဉ်။



ကိုရင်

# မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း ရေဘေးသင့် ပြည်သူများအား ကျပ်သိန်း ၅၄၀ ကျော်ဖိုး ထောက်ပံ့လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၂

မြန်မာနိုင်ငံအိမ်ခြံမြေ ဝန်ဆောင်မှုအသင်း(ဗဟို)၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေဝန်ဆောင်မှုအသင်းတို့မှ အသင်းသား အသင်းသူများနှင့် စေတနာရှင်များက ရေဘေးသင့် ပြည်သူများအား ငွေကျပ် သိန်း ၅၄၀ ကျော်ဖိုး ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့လှူဒါန်းရာတွင် နေပြည်တော်ကောင်စီနယ်မြေ ပေါင်းလောင်းဆည်အနီးရှိရွာသစ်ကြီး၊ ဇီးပင်ကြီး၊ ချောင်းကန်ကြီး၊ ညောင်ပင်ကြီး ကျေးရွာတို့မှ ရေဘေးသင့် ပြည်သူများအား



အဝတ်အထည်မျိုးစုံ၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ ဆေးဝါး၊ ဓာတ်ဆားထုပ်များအပါအဝင် ငွေနှင့်ထောက်ပံ့ပစ္စည်း စုစုပေါင်း တန်ဖိုးငွေကျပ် ၅၄၅ သိန်းခန့်ကို စက်တင်ဘာ ၂၀ ရက်က သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုထက်

# မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာ စိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဧလ

# ပြည်သူ့အတွက်သစ်တောရတနာ - သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ

# Non-Timber Forest Products-NTFPs



**သစ်တောသယံဇာတများ**

သစ်တောများသည် ကမ္ဘာ့ကုန်းနေဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်း၏ ခိုလှုံရာဖြစ်ပြီး သစ်ပင်မျိုးစိတ်ပေါင်း ခြောက်သောင်းကျော် ပါဝင်လျက်ရှိသည်။ ကမ္ဘာ့လူဦးရေ ၁ ဒသမ ၆ ဘီလီယံခန့်သည် အစားအစာ၊ ခိုလှုံစရာ၊ စွမ်းအင်၊ ဆေးဝါးများနှင့် ဝင်ငွေအတွက် သစ်တောများအပေါ် တိုက်ရိုက်မှီခိုလျက်ရှိပြီး လူဦးရေ ၃၃ သန်းအတွက် အလုပ်အကိုင်ဖန်တီးပေးလျက်ရှိသည်။ ကမ္ဘာ့စီးပွားရေးတွင် ကုန်ထုတ်လုပ်မှုများ၏ ၅၀ ရာခိုင်နှုန်းကျော်သည် ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဆက်စပ်လျက်ရှိသည်။ သစ်တောများနှင့် ဂေဟစနစ်များမှ ပံ့ပိုးသော ဘက်စုံအကျိုးကျေးဇူးများသည်သက်ရှိလောကတည်မြဲရေးအတွက်လည်းကောင်း၊ ကျေးလက်ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း၊ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းကောင်း အလွန်အရေးပါလှသည်။

သစ်တောများမှ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ထောက်ပံ့ပေးသကဲ့သို့ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော **ထောက်ပံ့မှု ဆိုင်ရာဝန်ဆောင်မှုများ** (Provisional Services)၊ **ပတ်ဝန်းကျင်ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများ** (Regulating Services)၊ **စိတ်ပိုင်းဆိုင်ရာ လိုအပ်မှုများ၊ ဖြည့်ဆည်းခြင်းဆိုင်ရာ ဝန်ဆောင်မှုများ** (Aesthetic, Cultural and Spiritual Services) နှင့် အပြန်အလှန် ချိတ်ဆက်ပေါင်းစပ် ထောက်ပံ့ပေးသည့် ဝန်ဆောင်မှုများ (Supporting Services) ကိုလည်း ထောက်ပံ့ပေးလျက်ရှိပါသည်။

> **“ကျေးလက်ဒေသနေပြည်သူများ၊ မိရိုးဖလာအရ သစ်တောများ ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများသည် အစားအစာ၊ အမိုးအကာနှင့် ဆေးဝါးများကဲ့သို့သော သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအပေါ် များစွာမှီခိုနေရပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် ထုတ်ကုန်များသည် ရိုးရာဓလေ့များ၊ ယုံကြည်မှုများနှင့် ယဉ်ကျေးမှုများစွာနှင့်လည်း ဆက်စပ်နေပါသည်။ ထို့ကြောင့် ကျေးလက်စီးပွားရေး တိုးတက်စေရေး ကြိုးပမ်းမှုများတွင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ အခန်းကဏ္ဍမှာ အချိန်နှင့်အမျှ ပိုမိုအရေးပါလာလျက်ရှိသည်”**

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ အလွန်ကြွယ်ဝသော နိုင်ငံဖြစ်ပြီး ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ်အစီရင်ခံစာအရ နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းကို သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောအမျိုးအစား စုံလင်စွာ ပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ မြောက်ဖျားမှသည် တောင်ဖျားအထိ အအေးပိုင်း သစ်တောများ၊ ရွာက်ပြတ်ရောနှောတောများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းတောများနှင့် ဒီရေတောများ စသည်ဖြင့် စုံလင်စွာ ပေါက်ရောက်လျက်ရှိပြီး မှတ်တမ်းတင်ထားနိုင်သော အပင်မျိုးစိတ် ၁၁၈၂၄ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် ၂၅၈ မျိုး၊ ငှက်မျိုးစိတ် ၁၀၉၈ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၂၉၁ မျိုး၊ ကုန်းနေရေနေမျိုးစိတ် ၁၁၉ မျိုး၊ လိပ်ပြာမျိုးစိတ် ၁၂၀၀၊ ရေချိုငါးမျိုးစိတ် ၅၂၀၊ ရေငန်ငါးမျိုးစိတ် ၅၇၈ မျိုး၊ သန္တာမျိုးစိတ် ၁၃၂ မျိုး၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး၊ ပင်လယ်ရေမှော် ၃၈ မျိုး၊ ဝါးမျိုးစိတ် ၁၀၂ မျိုးနှင့် ဆေးဖက်ဝင်အပင်မျိုးစိတ် ၁၅၄၀ ရှိပါသည်။

**သစ်မဟုတ်သော**
**သစ်တောထွက်ပစ္စည်းများ**
**(Non-Timber Forest Products-NTFPs)**

သစ်တောထွက်ပစ္စည်းများ(Forest Products) သည် သစ်တောများမှ ပံ့ပိုးပေးသည့် ထောက်ပံ့မှု ဆိုင်ရာ ဝန်ဆောင်မှု (Provisional Services) များဖြစ်သည်။ သစ်တောထွက်ပစ္စည်းများဆိုသည်မှာ သစ်တောနယ်မြေနှင့် အစိုးရက စီမံခန့်ခွဲခွင့်ရှိသော မြေတွင် ပေါက်ရောက်နေသော သို့မဟုတ် တွေ့ရှိရသော သစ်ပင်၊ သစ်ရွက်၊ ပန်း၊ သစ်သီး၊ သစ်ဥ၊ သစ်ဖု၊ သစ်ခွ၊ အခြားကပ်ပါးပင်များနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် တောရိုင်းတိရစ္ဆာန်များ၊ ပိုးမွှားများ၊ ယင်းတို့၏ အစိတ်အပိုင်းများနှင့် ယင်းတို့မှ ထွက်ရှိသော ပစ္စည်းများလည်း ပါဝင်သည်ဟု ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော သစ်တောဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဆိုသည်မှာ သဘာဝတောများ၊ သစ်တောစိုက်ခင်းများ၊ သစ်တောမြေများနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသော နယ်မြေများမှ ထုတ်ယူရရှိသော အပင်နှင့် တိရစ္ဆာန်များ ဇီဝအရင်းအမြစ်များကို ဆိုလိုသည်ဟု ဖော်ပြထားပါသည်။

တစ်နည်းအားဖြင့် သစ်မှအပ သစ်ပင်၊ သစ်တောများမှရရှိသည့် မည်သည့်သစ်တောထွက်ပစ္စည်းကိုမဆို သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဟု သတ်မှတ်နိုင်ပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ယခင်က အသေးအဖွဲသစ်တောထွက်ပစ္စည်းများ (minor forest products) ဟုလည်းကောင်း၊ သစ်တောဘေးထွက်ပစ္စည်းများ (byproducts of forests) ဟုလည်းကောင်း၊ သစ်မဟုတ်သော ပစ္စည်းနှင့်ဝန်ဆောင်မှုများ (non-wood goods and services) ဟု လည်းကောင်း၊ အခြားသစ်တောထွက်ပစ္စည်းများ (other forest products) ဟုလည်းကောင်း၊ ဒုတိယသစ်တောထွက်ပစ္စည်းများ (secondary forest products) ဟု လည်းကောင်း၊ အထူးသစ်တောထွက်ပစ္စည်းများ (special forest products) ဟု လည်းကောင်း အမျိုးမျိုး ခေါ်ဆိုခဲ့ကြပါသည်။ သို့သော်လည်း ယခုအခါ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် ကျေးလက်အိမ်ထောင်စုများ၏ နေ့စဉ်အသက်မွေးဝမ်းကျောင်းအတွက် အထောက်အပံ့ပြုနိုင်ရုံသာမက နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာလျက်ရှိသဖြင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ (Non-timber Forest Products-NTFPs) ဟု ခေါ်ဝေါ်သုံးစွဲလာပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် မတူကွဲပြားသော ရေ၊ မြေ၊ ရာသီဥတုနှင့် သစ်တောဂေဟစနစ်အလိုက် ပျံ့နှံ့စွာပေါက်ရောက်ပြီး အမျိုးအစားစုံလင်လှပါသည်။ သစ်တောအမျိုးအစားနှင့် ဂေဟစနစ်အလိုက် သစ်ပင်မျိုးစိတ်များ၊ သစ်ပင်၊ သစ်တောများနှင့် ဆက်နွယ်ပြီး ပေါက်ရောက်ကြသည်။

မြန်မာ့သစ်တောများတွင် စီးပွားရေးအရ အဖိုးတန်သစ်မျိုးများဖြစ်သော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ သင်းဝင် စသည့်သစ်မျိုးများ

## သစ်တောမောင်

ပေါက်ရောက်လျက်ရှိသကဲ့သို့ ဂေဟစနစ်အရ အရေးပါသော အပင်မျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစွာ ပေါက်ရောက်လျက်ရှိသဖြင့် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုလျက်ရှိသည်။ ထို့အတူ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဖြစ်သည့် **တိုင်၊ မျော၊ ကြိမ်၊ ဝါး၊ ထင်း၊ မီးသွေး၊ သင်ပေါင်းသား၊ ငှက်သိုက်၊ ပျားရည်၊ မှို၊ ဆေးဖက်ဝင်အပင်များ၊ ဓနိသက်ငယ်၊ ရှားစေး၊ ဖာလာစေ့၊ လျော်၊ အင်တွဲ၊ ပွဲလျက်၊ လင်းနို့ချေး၊ ကညင်ဆီ၊ ထင်းရှူးဆီ၊ ပျားဖယောင်း၊ သစ်စေး၊ ချိုင်၊ သနပ်ခါး၊ စားသုံးနိုင်သော သစ်ဥ၊ သစ်မြစ်၊ သစ်ခေါက်၊ အသီး၊ အရွက်များ၊ အခွံမာအစေ့များနှင့် အသီးများ၊ အဆန်များ၊ ဟင်းခတ်အမွှေးအကြိုင်များ၊ တိရစ္ဆာန် အစားအစာများ**ကိုလည်း မြန်မာ့သစ်တောများတွင် နေရာဒေသအလိုက် ပေါများစွာ တွေ့ရှိရသဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက်လည်း အထောက်အကူပြုလျက်ရှိပါသည်။

သစ်တောများနှင့် သစ်တောများပြင်ပ ပေါက်ရောက်သော သစ်ပင်များ၊ လယ်ယာပတ်ဝန်းကျင်တွင် ပေါက်ရောက်လျက်ရှိသော သစ်ပင်များသည် အထူးသဖြင့် စားရေရိက္ခာရင်းမြစ်များ မရှိနိုင်သည့် ရှားပါးသည့်အချိန်တွင် စားရေရိက္ခာအမျိုးမျိုးကို ပံ့ပိုးပေးသည့်အတွက် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံမှုအတွက် သိသာထင်ရှားသော အထောက်အပံ့များ ဖြစ်စေပါသည်။ ဈေးကွက်ဝင် စီးပွားဖြစ်ထုတ်ယူရောင်းဝယ်သော သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများရှိသကဲ့သို့ မိမိသုံး၊ အိမ်သုံးအတွက် အနည်းငယ်သာ ထုတ်ယူသုံးစွဲသော သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများလည်း ရှိသည်။

သစ်တော၊ သစ်ပင်များ၏ စားသုံးနိုင်သော အသီး၊ အရွက်၊ အမြစ်၊ အခေါက်၊ အပွင့်၊ အစေ့စသည့် သစ်တောထွက်ပစ္စည်းများသည် သစ်တောများအတွင်း အလွယ်တကူရနိုင်ပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတကာ အာဟာရအရည်အသွေး အပြည့်ရှိသော စားရေရိက္ခာများလည်း ဖြစ်ပါသည်။ ဥပမာအားဖြင့် မျှစ်၊ မှိုနှင့် အသီး၊ အရွက်၊ အမြစ်များ၊ အစေ့များ အပါအဝင် စားသုံးနိုင်သော သစ်တောထွက်ပစ္စည်းများကို သန့်စင်စေရန် ဆေးကြောခြင်း၊ အခြောက်ခံခြင်း စသည်ဖြင့် ပြုပြင်ပြီး သိမ်းဆည်းထားပါက တစ်နှစ်ပတ်လုံး စားရေရိက္ခာ ထောက်ပံ့မှုကို ရရှိစေနိုင်ပါသည်။ စားသုံးနိုင်သော တောကောင်ငယ်များ (bushmeat) ၏ အသားနှင့် အစားအစာများသည် ဗီတာမင်၊ ပရိုတင်း၊ အဆီ၊ သကြားနှင့် သတ္တုဓာတ်များ ကြွယ်ဝပြီး ရရှိနိုင်မှုအပေါ် မူတည်၍ တစ်နှစ်ပတ်လုံး ရာသီမရွေး စားသုံးနိုင်ပါသည်။

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် တိုက်ရိုက်ဆက်စပ်နေသဖြင့် သစ်တောများအပေါ် တိုက်ရိုက်မှီခိုသော လူဦးရေ ပိုမိုများပြားလာသည်နှင့်အမျှ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ အခန်းကဏ္ဍသည်လည်း ပိုမိုအရေးပါလာလျက်ရှိပါသည်။ အချို့သော သစ်မဟုတ်သော **စာမျက်နှာ ၁၇ သို့** ❐

❐ စာမျက်နှာ ၁၆ မှ

သစ်တောထွက်ပစ္စည်းများကို သဘာဝတောများမှ ထုတ်ယူခြင်းသာမက စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လာလျက်ရှိပါသည်။ ဥပမာ သစ်ခွအမျိုးမျိုး၊ ဝါး၊ မျှစ်၊ ကြိမ်၊ မြို၊ ချဉ်ပေါင်ဖာလာ၊ ငရုတ်ကောင်း၊ လျှော်ဖြူ၊ ပျားရည်၊ ငှက်သိုက်၊ ဆေးဖက်ဝင်အပင်များ စသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် ဈေးကွက်လိုအပ်ချက် မြင့်မားလာမှုနှင့် အတူ စီးပွားဖြစ် စိုက်ပျိုး မွေးမြူထုတ်လုပ်လာကြပါသည်။

သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို စီးပွားဖြစ် အမြောက်အမြား ထုတ်ယူခြင်း ထက် တစ်နိုင်တစ်ပိုင် ထုတ်ယူခြင်း၊ မိမိသုံး ထုတ်ယူခြင်းက ပိုမိုများပြားသဖြင့် ကိန်းဂဏန်း အချက်အလက်များ၊ ဈေးကွက်ပမာဏ၊ ဝယ်လိုအား၊ ရောင်းလိုအား၊ သက်ဆိုင်ရာ အစိုးရဌာနများအတွက် သတင်းအချက်အလက်များ အကန့်အသတ်ဖြင့်သာ ရှိနေပါသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနအနေဖြင့် သဘာဝတောများမှ အဓိကထွက်ရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း ၅၉ မျိုးထုတ်လုပ်မှုများကို အခွန်တော်စည်းကြပ်ကောက်ခံလျက်ရှိပါသည်။ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အတွင်း အဓိကထုတ်လုပ်ခဲ့သော သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ နှစ်စဉ်ပျမ်းမျှ ထုတ်လုပ်မှုပမာဏမှာ ကျွန်းနှင့် သစ်မာတိုင် ၄၄၃၉၁ လုံး၊ ကျွန်းနှင့် သစ်မာမျော ၁၈၉၆၄ လုံး၊ ထင်း ၁၄၄၇၅၈ ကုဗတန်၊ မီးသွေး ၈၈၄၂၇ ကုဗတန်၊ ဝါးလုံးပေါင်း ၉၂ ဒသမ ၃၄၃ သန်း၊ ကြိမ်လုံးပေါင်း ၄ ဒသမ ၃၃၈ သန်း၊ ခရိ/သက်ငယ်ပျစ် ၂၃၉၁၉၂၈၀၊ သစ်ခေါက် ၄၀၁၂၉၆ ပိဿာ၊ သနပ်ခါး ၁၄၂၇၈ ပိဿာ၊ ဖာလာစေ့ ၁၁၀၆၅ ပိဿာ၊ အင်တွဲ/ပွဲလျက် ၁၀၃၂၄၅ ပိဿာ၊ ငှက်သိုက် ၉၅၆ ပိဿာ၊ ပျားရည် ၁၁၆၀၂ ပိဿာ၊ ပျားဖယောင်း ၅၂၈ ပိဿာ၊ လင်းနို့ချေး ၁၃၆၄၇၃ ပိဿာ၊ သစ်စေး ၁၂၂၀၄ ပိဿာ၊ လျှော် ၁၇၂၇၃ ပိဿာ၊ ရှားစေး ၁၂၈၉၀၅ ပိဿာ၊ ချိုပ် ၃၈၀၆၅ ပိဿာ၊ ကရမက် ပိဿာ ၂၀၅၀ စသည်ဖြင့် ထုတ်လုပ်နိုင်ခဲ့ပြီး နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေခဲ့ပါသည်။

ကျေးလက်ဒေသနေပြည်သူများ၊ မိရိုးဖလာအရ သစ်တောများ ပတ်ဝန်းကျင်တွင် နေထိုင်ကြသည့် ဒေသခံပြည်သူများသည် အစားအစာ၊ အိုးအကာနှင့် ဆေးဝါးများကဲ့သို့သော သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအပေါ် များစွာမှီခိုနေရပါသည်။ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများနှင့် ထုတ်ကုန်များသည် ရိုးရာဓလေ့များ၊ ယုံကြည်မှုများနှင့် ယဉ်ကျေးမှုများစွာနှင့်လည်း ဆက်စပ်နေပါသည်။ အထူးသဖြင့် ဘာသာရေးဆိုင်ရာ ကိုးကွယ်မှုများ၊ ယုံကြည်မှုများ၊ စိတ်ပိုင်းဆိုင်ရာ အထောက်အပံ့ပြုမှုများ၊ လက်ထပ်ထိမ်းမြားခြင်းကိစ္စရပ်များ၊ ရပ်ရွာဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုအနုသုခမဆိုင်ရာများ စသည်ဖြင့် နယ်ပယ်အသီးသီးတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်လျက်ရှိသည်။ ထို့ကြောင့် ကျေးလက်စီးပွားရေး တိုးတက်စေရေး ကြိုးပမ်းမှုများတွင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ အခန်းကဏ္ဍမှာ အချိန်နှင့်အမျှ ပိုမိုအရေးပါလာလျက်ရှိသည်။

**သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများမှ ပံ့ပိုးသော အကျိုးကျေးဇူးများ**

ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) သုတေသနပြု လေ့လာမှုများအရ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ အရေးပါမှုကို အောက်ဖော်ပြပါ အချက်အလက်များအရ သိနိုင်ပါသည် (https://openknowledge.fao.org/home)-

- သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ နှစ်စဉ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈ ဘီလီယံရှိပြီး လူဦးရေ ၃ ဒသမ ၅ ဘီလီယံ မှ ၅ ဒသမ ၈ ဘီလီယံအထိ အသုံးပြုလျက်ရှိကြောင်း၊
- ထုတ်လုပ်သူများအနေဖြင့် သစ်မဟုတ်သော ထုတ်ကုန်များမှ နှစ်စဉ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၈၈ ဘီလီယံရှိကြောင်း ခန့်မှန်းထားပြီး ဆင့်တက် ပြုပြင်ခြင်းနှင့် တန်ဖိုးကွင်းဆက်ရှိ အခြားသော ဆက်စပ်ပစ္စည်းများကို ပေါင်းထည့်မည်ဆိုပါက ထုတ်ကုန်များ၏ တန်ဖိုးသည် ဒေါ်လာထရီလီယံအထိ ရှိနိုင်ကြောင်း၊
- ကမ္ဘာ့ဝါးဈေးကွက်သည် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၂၂ ဘီလီယံ မှ ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၁ ဒသမ ၆၃ ဘီလီယံသို့ တိုးလာကြောင်း၊
- ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်မှုနှင့် ကြိမ်ထုတ်ကုန်တန်ဖိုးမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ သန်း ၇၀၀၀ ကျော် ရှိပြီး ယခုအခါ ကြိမ်နှင့်ထုတ်ကုန်ပရိဘောဂ အများစုမှာ ရေပန်းအစားဆုံး ဖြစ်လာကြောင်း၊
- ကမ္ဘာ့ပျားရည်ဈေးကွက် အရွယ်အစားသည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၄ ဘီလီယံတန်ဖိုးရှိပြီး ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉ ဒသမ ၄၀ ဘီလီယံအထိ ရှိခဲ့ကြောင်း၊ ၂၀၃၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၅၉ ဘီလီယံအထိ တိုးလာရန် ခန့်မှန်းထားကြောင်း၊
- ကမ္ဘာတစ်ဝန်းရှိ လူပေါင်း ၅ ဒသမ ၈ ဘီလီယံသည် သစ်မဟုတ်သော သစ်တောထွက် ပစ္စည်းများကို အသုံးပြုလျက်ရှိကြောင်း၊
- ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စုဆောင်းထားသော တောရိုင်းမျိုးစိတ်များ (မျိုးစိတ်ပေါင်း ၅၀၀၀၀ ခန့်) ကို အသုံးပြုကြလျက်ရှိကြောင်း၊
- ကမ္ဘာ့ဆင်းရဲနွမ်းပါးသူ ၇၀ ရာခိုင်နှုန်းသည် အစားအစာ၊ ဆေးဝါး၊ စွမ်းအင်၊ ဝင်ငွေနှင့် အခြားရည်ရွယ်ချက်များအတွက် တောရိုင်းမျိုးစိတ်များအပေါ် မှီခိုနေရကြောင်း၊
- အိန္ဒိယနိုင်ငံတွင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် လူဦးရေ ၂၇၅ သန်းခန့်၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးလျက်ရှိကြောင်း၊ ဒေသခံပြည်သူများနှင့် ဌာနေတိုင်းရင်းသားလူမျိုးစုများသည် ၎င်းတို့ဝင်ငွေ၏ ၄၀ ရာခိုင်နှုန်းအထိ ရရှိကြပြီး ဥရောပတွင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ၏ တန်ဖိုးသည် (တရားဝင်နှင့် တရားဝင်မဟုတ်သော ဈေးကွက်များနှင့် ကိုယ်တိုင်စားသုံးမှုအတွက် အပါအဝင်) တစ်နှစ်လျှင် ယူရို ၂၃ ဒသမ ၃ ဘီလီယံ ခန့်မှန်းထားကြောင်း၊
- ကုန်းတွင်းပိုင်း ရေချိုငါးများကို တောင်ပေါ်ဖြစ်ကြောင်းနှင့် ရေလွှမ်းလွင်ပြင်သစ်တောများမှ ရရှိကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ကုန်းတွင်းငါးဖမ်းလုပ်ငန်းသည် ၂၀၂၁ ခုနှစ်တွင် ငါးတန်ချိန် ၁၁ ဒသမ ၄ သန်းခန့်ကို ပံ့ပိုးပေးခဲ့ကြောင်း လေ့လာသိရှိရပါသည်။

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် တိုက်ရိုက်အကျိုးကျေးဇူးများသာမက အောက်ဖော်ပြပါ သွယ်ဝိုက်အကျိုးကျေးဇူးများကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်-

- မြေဆီလွှာနှင့် မြေယာရှုခင်း ထိန်းသိမ်းရေးကို အထောက်အကူပြုပြီး တောရိုင်းတိရစ္ဆာန် အများအပြားအတွက် ပေါက်ပွားရာ၊ အစားအစာများ ပံ့ပိုးရာ၊ နေရင်းဒေသများ ပံ့ပိုးကူညီပေးခြင်း၊



- Microclimate ကို ထိန်းသိမ်းပေးနိုင်ပြီး အဏုဇီဝသက်ရှိများအတွက် အရေးကြီးသော ခိုလှုံရာနေရာများကို ပံ့ပိုးပေးခြင်းနှင့် ဂေဟစနစ်ကို တည်ငြိမ်အောင် ထိန်းသိမ်းပေးခြင်း၊
- သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို စနစ်တကျ စီမံအုပ်ချုပ်ဆောင်ရွက်မည်ဆိုပါက ကုန်သွယ်မှုမှတစ်ဆင့် တိုက်ရိုက်စီးပွားရေး အကျိုးအမြတ်ကို ပေးစွမ်းနိုင်ခြင်း၊
- အလုပ်လက်မဲ့ ပြဿနာများနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပြဿနာများကို လျှော့ချပေးခြင်း၊
- သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းဖြင့် အသေးစား၊ အငယ်စား နှင့် အလတ်စား (MSME)လုပ်ငန်းများ ဖွံ့ဖြိုးလာစေခြင်း၊
- သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအား ရေရှည်တည်တံ့စေရန် စနစ်တကျ စီမံခန့်ခွဲခြင်းဖြင့် အပူပိုင်းသစ်တောများနှင့် ဂေဟစနစ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အထောက်အပံ့ဖြစ်စေခြင်း စသည့် အကျိုးကျေးဇူးများလည်း ရရှိနိုင်ပါသည်။

သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် သစ်တောစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ အခြားသော အကြီးစားစိုက်ပျိုးရေးစိုက်ခင်းများနှင့် ထွက်ကုန်များထက် ရောဂါပိုးမွှားကျရောက်မှုနှင့် ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု၏ သက်ရောက်မှုဒဏ် ခံနိုင်ရည်ရှိပြီး ဆိုးကျိုးသက်ရောက်ဒဏ် ခံရမှုနည်းပါးသည်။ ထို့ကြောင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုတွင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသည် အရေးကြီးသော အစိတ်အပိုင်းများအဖြစ် ထည့်သွင်းစဉ်းစားဆောင်ရွက်ရန် လိုအပ်လာပါသည်။ အဆိုပါ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲခြင်းဖြင့် သစ်တောထိန်းသိမ်းခြင်း၊ ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးပွားခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်ပါသည်။

**စဉ်ဆက်မပြတ် စနစ်တကျ ထုတ်လုပ်ခြင်းနှင့် သုံးစွဲခြင်း**

သစ်တောများကို စနစ်တကျ ထိန်းသိမ်းခြင်း၊ ထုတ်ယူသုံးစွဲခြင်းမရှိလျှင် သစ်တောသယံဇာတများ အချိန်တိုအတွင်း ပျက်စီးပျောက်ကွယ်သွားမည်ဖြစ်သည်။ သစ်ပင်၊ သစ်တောများ ပြုန်းတီးခြင်း၊ ပျက်စီးဆုံးရှုံးခြင်းသည် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရရှိနိုင်မှု ဆုံးရှုံးသွားသည်သာမက ဒွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သည့် သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများပါ ဆုံးရှုံးသွားခြင်းဖြစ်သည်။ ပျက်စီးပြုန်းတီးသွားသော သဘာဝသစ်တောများကို ပြန်လည်ထိန်းသိမ်းနိုင်ရန်နှင့် သဘာဝတောများ၏ မူလဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝမှုအခြေအနေသို့ ပြန်လည်ရောက်ရှိရန် နှစ်ပေါင်းရာချီကြာမြင့်မည်ဖြစ်သည်။

ထို့ကြောင့် ကုလသမဂ္ဂစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ပန်းတိုင်(၁၂) (SDG 12)ကို **"ရေရှည်တည်တံ့စေသော စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံများ ရရှိစေရန်"** ဟူသော ပန်းတိုင်အဖြစ် သတ်မှတ်ထားခြင်း ဖြစ်သည်။ **"မျှတဆင်ခြင်ထုတ်သုံးလျှင်၊ သစ်တောများ တည်မြဲထာဝစဉ်"** ဟု ဆိုသည့်အတိုင်း သစ်တောများ အပါအဝင် သဘာဝသယံဇာတများကို စနစ်တကျ စီမံအုပ်ချုပ်ရန်နှင့် စနစ်တကျ ထုတ်ယူသုံးစွဲရန် အလွန်အရေးကြီးပါသည်။ ထို့အပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက် ပန်းတိုင် (၁၅) (SDG 15) တွင်လည်း **"ကုန်းမြေဂေဟစနစ်များအား ကာကွယ်ရန်၊ ပြန်လည်မွမ်းမံထိန်းသိမ်းရန်နှင့် ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် အသုံးပြုရန်၊ သစ်တောများကို ရေရှည်တည်တံ့စေမည့် နည်းလမ်းများဖြင့် စီမံအုပ်ချုပ်ရန်၊ သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရန်၊ မြေဆီလွှာပြုန်းတီးမှု ရပ်ဆိုင်း၍ မြေအရည်အသွေး ပြန်လည်ကောင်းမွန်စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုရပ်တန့်ရန်"** ဟူ၍ ပန်းတိုင်ရည်မှန်းချက်များ သတ်မှတ်ထားပြီး သစ်တောများ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်များ ထိန်းသိမ်းရေး အောင်မြင်စေရန် ရည်ရွယ်ချမှတ်ထားပါသည်။

ယခုအခါ သိပ္ပံနှင့် နည်းပညာ ဆန်းသစ်တီထွင်မှုများ တိုးတက်လာသည်နှင့်အမျှ အစားအစာ၊ ဆောက်လုပ်ရေးပစ္စည်း၊ အလှကုန်များ၊ ဇီဝဓာတုပစ္စည်းများ၊ ဇီဝပလတ်စတစ်နှင့် ဆေးဝါးများ အပါအဝင် စိတ်ဝင်စားဖွယ် ထုတ်ကုန်အသစ်များကို သစ်သားနှင့် သစ်ပင်များ၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများမှ ထုတ်လုပ်လာနိုင်ကြပြီဖြစ်သည်။ သို့သော်လည်း ဈေးကွက်၊ ဘဏ္ဍာရေး၊ နည်းပညာ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် အခြေခံအဆောက်အအုံ လိုအပ်ချက်ကဲ့သို့သော ကန့်သတ်ချက်များကို ကျော်လွှားရန် ကြိုးပမ်းဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ ရေရှည်တည်တံ့မှုနည်းပါးသော ပစ္စည်းများနေရာတွင် ပြန်လည်ပြည့်ဖြိုးနိုင်သော၊ စနစ်တကျ ပြန်လည်စိုက်ပျိုးပြုစု ထိန်းသိမ်းနိုင်သော သစ်နှင့် သစ်ပင်အခြေခံထုတ်ကုန်များ၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို အစားထိုးအသုံးပြုလာခြင်းအားဖြင့် ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချပြီး ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုနှင့် သစ်တောပြုန်းတီးမှုကို လျှော့ချလာနိုင်မည်ဖြစ်သည်။ သဘာဝကိုအခြေခံသော ဖြေရှင်းခြင်းနည်းလမ်းများ (Nature based Solutions) ဖြင့် ပြည်သူအတွက် သစ်တောရတနာဖြစ်သော သစ်တောသယံဇာတများ၊ သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သို့မှသာ ရေရှည်တွင် လူသားများအတွက်သာမက ကမ္ဘာမြေကြီးအတွက်ပါ အကျိုးရှိသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုပုံစံကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး မြန်မာနိုင်ငံလုံးဆိုင်ရာကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E. Cardinal Charles Bo(ကာဒီနယ် ချားလ်စ် ဘို)နှင့် ဂိုဏ်းအုပ်ဆရာတော်များအား ဂါရဝပြုတွေ့ဆုံ

ဘားအံ စက်တင်ဘာ ၂၂

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ဘားအံမြို့ အမှတ်(၄)ရပ်ကွက်ရှိ စိန့်ဖရန့်စစ်ဧေးဗီးယဲကက်သလစ်ဘုရားရှိခိုးကျောင်း၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E. Cardinal Charles Bo (ကာဒီနယ် ချားလ်စ် ဘို)နှင့် ဂိုဏ်းအုပ်ဆရာတော်များအား ဂါရဝပြုသွားရောက်တွေ့ဆုံခဲ့သည်။



**နှုတ်ခွန်းဆက်စကားပြောကြား**

မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E. Cardinal Charles Bo (ကာဒီနယ် ချားလ်စ်ဘို)သည် ဘားအံကက်သလစ်ဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်ကြီး၏ အရိုက်အရာကို ဆက်ခံမည့် ဆရာတော် Msgr.Stanislaus Min Ko(စတန်းနစ်စလော့မင်းကို)၏ သိက္ခာခံယူခြင်းအထိမ်းအမှတ်အခမ်းအနားသို့ လာရောက်ခြင်းဖြစ်ပြီး ဂါရဝပြုတွေ့ဆုံရာ၌ ပြည်နယ်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ဆရာတော် Msgr.Stanislaus Min Ko (စတန်းနစ်စလော့မင်းကို)က ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ပြည်နယ်သူ၊ ပြည်နယ်သားအားလုံး ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာဝပြောခြင်းများဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်ကက်သလစ်ဂိုဏ်းချုပ်ဆရာတော် H.E. Cardinal Charles Bo (ကာဒီနယ် ချားလ်စ် ဘို)က စစ်မှန်သော ငြိမ်းချမ်းရေးကိုရရှိပြီး ဘာသာရေး၊ လူမှုရေး၊ စီးပွားရေးအလုံးစုံအဆင်ပြေချောမွေ့ကာ ဝမ်းမြောက်ခြင်းများနှင့် ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘားအံကက်သလစ်ဂိုဏ်းအုပ်သာသနာပိုင်ဆရာတော်ကြီးဂျုပ်စတင်း စောမင်းသိုက်၊ အရိုက်အရာကိုဆက်ခံမည့် ဆရာတော် Msgr.Stanislaus Min Ko(စတန်းနစ်စလော့မင်းကို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်ဥက္ကဋ္ဌ H.E. Cardinal Charles Bo(ကာဒီနယ် ချားလ်စ် ဘို)နှင့် လက်ထောက်ဆရာတော် ဖာသာရ်နိုအယ်စောနောအေးတို့အား ဂါရဝပြုလက်ဆောင်၊ ဆန်၊ ဆီ အစရှိသော စားသောက်ကုန်ပစ္စည်းများနှင့် အလှူငွေကျပ် ၁၀ သိန်းတို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပန်းဘဲတန်းမြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဂျီအီးစီအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ပန်းဘဲတန်း စက်တင်ဘာ ၂၂

ရန်ကုန်တိုင်းဒေသကြီးအနောက်ပိုင်းခရိုင် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမအသင်း လီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ကျောက်တံတားမြို့နယ် (၃၆) လမ်းအထက်ရှိ ဗုဒ္ဓဝေယျာဝစ္စမဏ္ဍပ်၌ ကျင်းပသည်။




အစည်းအဝေးတွင် သဘာပတိအဖြစ် အနောက်ပိုင်းခရိုင်ဂျီအီးစီအသင်းဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ဌာန ဦးစီးအရာရှိဦးတင်ကိုအောင်လသာမြို့နယ် သမဝါယမဦးစီးက သမဝါယမအသင်းများ၏ အရပ်ရပ်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ထို့နောက် ဒါရိုက်တာအဖွဲ့ဝင် ဒေါ်မြတ်စန္ဒာက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကိုလည်းကောင်း၊ အသင်းစာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးသန်းနိုင်က အသင်းစာရင်းစစ်အဖွဲ့ အစီရင်ခံစာကိုလည်းကောင်း ဖတ်ကြားတင်ပြရာ အသင်းသားကိုယ်စားလှယ်များ၏ အတည်ပြုချက်များကို ရယူ၍ အတည်ပြုခဲ့ကြောင်း သိရသည်။

ဥမ္မာကျော်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုး ဦးဆောင်၍ တပ်ဖွဲ့ဝင် ၁၉ ဦးတို့အမှတ်(၂)ရပ်ကွက် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်းတွင် ချုံနွယ်ပိတ်ပေါင်းများ၊ မြက်နှင့်အမှိုက်များ ရှင်းလင်းဖယ်ရှားကာ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ တိုင်းကျော်(ပြန်/ဆက်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်အောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်စိုးတို့က ကြည့်ရှုအားပေးစဉ်။ မင်းလွင်ဦး(တန့်ယန်း)


## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်ကွေ | ဘားအံ | မော်လမြိုင် | လားရှိး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၆၀ | ၃၁၄၀ | ၃၁၁၅ | ၃၀၇၀ | ၃၁၄၅ | ၃၁၅၅ | ၃၁၇၀ | ၃၁၂၀ | ၃၂၅၀ | ၃၂၈၀ | ၃၁၃၀ | ၃၁၄၅ | ၃၁၈၀ | ၃၁၆၅ | ၃၁၈၀ | ၃၅၈၅ | ၄၀၀၀ |
| 95 Ron | ၃၂၁၅ | ၃၂၆၅ | ၃၂၇၀ | ၃၂၂၅ | ၃၂၆၅ | ၃၃၃၀ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၃၀ | ၃၃၂၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၀၀၀ |
| HSD (500 ppm) | ၂၅၇၅ | ၂၆၅၅ | ၂၆၃၀ | ၂၅၈၅ | ၂၆၅၅ | ၂၆၇၀ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၅ | ၂၆၆၀ | ၂၆၉၀ | ၂၆၈၀ | ၂၆၉၅ | ၃၀၉၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၀၀၀ |
| HSD (10 ppm) | ၃၂၃၅ | ၃၃၁၅ | ၃၂၉၀ | ၃၂၄၅ | ၃၃၂၀ | ၃၃၃၀ | ၃၃၄၅ | ၃၃၀၀ | ၃၄၂၅ | ၃၄၅၅ | ၃၃၀၅ | ၃၃၂၀ | ၃၃၅၅ | ၃၃၄၀ | ၃၃၅၅ | ၃၇၆၀ | ၄၀၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၀၂ | ၂၉၉၃ |
| 95 Ron | ၃၀၅၀ | ၃၁၄၅ |
| HSD (500 ppm) | ၂၄၃၁ | ၂၅၅၉ |
| HSD (50 ppm) | ၃၀၇၂ | ၃၀၆၃ |
| HSD (10 ppm) | ၃၀၇၂ | ၃၀၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



ပြည့်ဝဆီများကို
တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့

# တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှု အမြန်ဆုံးပြန်လည်ကျဆင်းနိုင်ရေးနှင့် ရေဘေးသင့်ပြည်သူများအား သွားရောက်ကူညီထောက်ပံ့

တောင်ငူ စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း ရေကြီးရေလျှံမှု အမြန်ဆုံးပြန်လည်ကျဆင်းနိုင်ရေးနှင့် ရေဘေးသင့်ပြည်သူများအား သွားရောက်ကူညီထောက်ပံ့ခဲ့သည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးဗိုလ်ချုပ် ကြည်သိုက်တို့သည် တောင်ငူမြို့ သာသနဟိတကာရှိ ဗိမာန်တော်၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။ ယင်းနောက် တောင်ငူခရိုင် ရေဘေးကွပ်ကဲမှုရုံးသို့ အလှူရှင်များ လာရောက်လှူဒါန်းထားသည့် ဆန်၊ ဆီနှင့် အခြားစားသောက်ဖွယ်ရာများ စနစ်တကျ စုဆောင်းထားရှိမှု၊ စားသုံးကုန်ပစ္စည်းများ လက်ခံရရှိမှု၊ ဖြန့်ခွဲပေးမှု အခြေအနေများကို စစ်ဆေးဆောင်ရွက်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နှင့် ကန်ရိုးကျေးရွာသို့ ရေဝင်ရောက်မှု အမြန်ဆုံးကျဆင်းစေရေး ကွင်းဆင်း ကြည့်ရှုသည်။ ၎င်းနောက် ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ကန်ရိုးကျေးရွာနှင့် တောင်ငူမြို့အဝင်ကြား ကားလမ်း ရေကျော်ဝင်ရောက်နေမှုနှင့် ထီးလှိုင်လမ်းဘေး ရေကြီးရေလျှံမှုကြောင့် အုတ်တံတိုင်းပြိုကျပျက်စီးနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ အမှတ်(၁၉)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ရေဝင်ရောက်ခဲ့သည့် စာသင်ဆောင်များအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် ပရိဘောဂများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀ ကို တောင်ငူမြို့နယ် ပညာရေးမှူးနှင့် သန့်ရှင်းရေး ပြုလုပ်နေသည့် တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများအား သီးခြားထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် တောင်ငူမြို့ မဟာမုနိကေလဇာတီ စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်ရှိ ဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ယာယီ ရေဘေးရှောင်စခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကား ပြောကြားသည်။ ထို့နောက်ရေဘေးသင့်အိမ်ထောင်စု ၉၇ စု၊ လူဦးရေ ၃၇၆ ဦးတို့အတွက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆန်၊ ဆီနှင့် အခြားစားသောက်ဖွယ်ရာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၏ ဆန်ရိက္ခာဖိုးများ၊ ကလေးငယ်များအတွက် အာဟာရမုန့်များ၊ ရေဘေးရောင် သက်ကြီးဘိုးဘွားများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် သီးခြားထောက်ပံ့ငွေများ ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေဘေးရောင်စခန်းများ၌ နေ့စဉ် ချက်ပြုတ်ကျွေးမွေးရန် ပြင်ဆင်နေမှုနှင့် ရေသန့်စင်စက်ပါမော်တော်ယာဉ်ဖြင့် သောက်သုံးရေသန့် ဖြန့်ဝေပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိသားစုဂင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။



၂။ သက်ဆိုင်ရာအစိုးရ ဌာနမှ ထုတ်ပြန် ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။



၃။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။



၄

၄။ အိမ်ကျွမ်းများအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်း များပြုလုပ်ပါ။



၅။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



## ရေကြီးပြီးနောက် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလသတင်းများကို မယုံပါနှင့်။

၂။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။



၃။ ရေစိုပြီး အနံ့အသက် မကောင်းသော အစားအစာများမစားပါနှင့်။



၄။ ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇

# ရေတာရှည်မြို့နယ်၌ သန်းခေါင်စာရင်း မြို့နယ်အဆင့်သင်တန်း ဖွင့်လှစ်

ရေတာရှည် စက်တင်ဘာ ၂၂

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး မြို့နယ်အဆင့် သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အထကအောင်ဆန်းခန်းမ၌ ကျင်းပသည်။

သင်တန်းတွင် ရေတာရှည်မြို့နယ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက အဖွင့်အမှာစကားပြောကြားသည်။ သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး မြို့နယ်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးမင်းညီညီထွန်းက သန်းခေါင်စာရင်းဥပဒေများ ရှင်းလင်းပြောကြားပြီး မြို့နယ်အတွင်းရှိ အထက်တန်းပြဆရာနည်းပြ ၁၀ ဦးက သန်းခေါင်စာရင်းဆိုင်ရာ အဓိကသဘောတရားများ၊ ဘာသာရပ်ဆိုင်ရာအကြောင်းအရာများ၊ လက်တွေ့လေ့ကျင့်ခန်းများ အပြန်အလှန်ဆွေးနွေးခြင်း၊ စာရင်းစစ်၊ စာရင်းကောက်ဆိုင်ရာ အကြောင်းအရာများ၊ သန်းခေါင်စာရင်းဆိုင်ရာအချက်အလက်များ၊ ပဟေဠိအမေးအဖြေများနှင့် ထိရောက်လွယ်ကူသည့် နည်းလမ်းများဖြင့် သင်တန်းသား သင်တန်းသူများနှင့် ဆရာ ဆရာမ ၁၆၂ ဦးအား လေ့ကျင့်သင်ကြားပို့ချပေးလျက်ရှိသည်။



အဆိုပါသင်တန်းကို စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ၁၀ ရက်ကြာ စာတွေ့/ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး အောက်တိုဘာ ၂ ရက်၌ သန်းခေါင်စာရင်းကောက်ယူမည့် စာရင်းစစ်/ စာရင်းကောက် ဆရာ ဆရာမများအနေဖြင့် စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များအသုံးပြု၍ သန်းခေါင်စာရင်း ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ❍ MNL ပြိုင်ပွဲမှ

အမှတ်ပေးဇယားတွင် အထက်၊ အောက် ရပ်တည်နေသည့်နှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး နှစ်သင်းစလုံး ဂိုးမရှိသရေရလဒ်ဖြင့် ကျေနပ်ခဲ့ရသည်။ ယခုရာသီတွင် MNL သို့ ပထမဆုံးတန်းတက်လာသည့် Dagon Port အသင်းသည် ပထမအကျော့ပွဲအားလုံးနီးပါး အပြန်အလှန်သွင်းဂိုးများ သွင်းယူနိုင်သော်လည်း ယခုပွဲတွင်မူ ပထမဆုံးဂိုးမရှိသရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။ ပြီးခဲ့သည့်ရာသီက အဆင့် ၄ နေရာ ရပ်တည်ခဲ့သည့် အား/ကာသိပ္ပံအသင်းသည် ယခုရာသီတွင် ရုန်းကန်နေရပြီး ယူ-၁၉ အသင်းသို့ ပေးထားရသည့် ကစားသမားအချို့ မပါဝင်နိုင်ခြင်းကြောင့် အားပျော့ခဲ့ရသည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို Dagon Port အသင်းမှ မျိုးဆက်ပိုင်က ရရှိသည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၀ ပွဲကစား ၁၃ မှတ်၊ Dagon Port အသင်းက ၁၁ ပွဲကစား ၁၂ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၁) နောက်ဆုံးနေ့ကို စက်တင်ဘာ ၂၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **သတင်း-ကိုညီလေး ဓာတ်ပုံ-MNL**

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချိုင်္ဂာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနလ်ာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## အင်္ဂလိပ်စာ — ဆရာ ဦးဆန်းဝေ

၉ - ၉ - ၂၀၂၄ ရက်နေ့မှအဆက်-

**UNIT (4) EMOTIONAL WELL-BEING**

**II. Read the passage.**

* Sympathy (ကရုဏာ၊ သက်ညှာတာထောက်ထားမှု) is a feeling of being sorry for someone who is in a bad situation. For example, we feel sympathy for flood victims or crash victims- we understand and care about their problems.

* Empathy (စာနာတတ်မှု) is usually described as that feeling that we understand and share someone else's emotions or experiences as if they were our own. For example, we feel empathy for people who have lost their parents, sons or daughters. Showing empathy for others is a way of managing our emotions and training out minds to prepare themselves for challenges.

* Loving-kindness (မေတ္တာထားခြင်း) is a strong feeling of caring about someone. Treating someone with loving kindness means we say, do or think of something for their welfare. In other words, we try to make them happy instead of causing harm or suffering.

* Surprise (အံ့သြမှု) is a feeling that is caused by something unexpected. When something surprising happens to us, we raise our eyebrows to open our eyes wider to allow us to see what is happening.

* Anxiety (စိုးရိမ်ပူပန်မှု) is a normal human emotion that is found as a reaction to stress. Normal anxiety is what we feel when we are when we are exposed to external stresses such as losing a job, having difficulties in marriage or our children getting ill. This type of anxiety is called 'worry' remains with us until the problem is sorted out (ဖြေရှင်း) in some way. When anxiety occurs in response to a more immediate threat, like being attacked by a huge snarling dog (မာန်ဖီနေသောခွေးကြီး တိုက်ခိုက်ခံရခြင်း) or looking over a cliff edge,(ကျောက်ဆောင်အစွန်းပေါ်က မျှော်ကြည့်ခြင်း) this is called 'fear'. (ဘေးအန္တရာယ်ကို ကြောက်ရွံ့ခြင်း)

* Anger (ဒေါသဖြစ်ခြင်း) is a strong feeling that makes us want to hurt or criticise someone because of something bad or unfair (မမျှတမှု) that has happened. We have expressed this type of emotion to try and deal with (ကိုင်တွယ်ဖြေရှင်း) a problem rather than run away from it. (ရှောင်ထွက်)

* Distress (သောတဖြစ်မှု) is a feeling of sadness which is prompted (နှိုးဆော်၊ လှုံ့ဆော်) by the loss of something or tragic events. This often results in (အကျိုးသက်ရောက်) tears, a lump in the throat (လည်ချောင်းထဲမှတစ်ဆို့နေ) and a feeling of heaviness in the chest.(ရင်ထဲအောင့်) If you see a miserable (စိတ်မချမ်းသာဖြစ်၊ စိတ်မသက်မသာဖြစ်) person, you may also feel miserable.

* Disgust (မနှစ်မြို့၊ စက်ဆုပ်ရွံရှာခြင်း) is a strong feeling of dislike, annoyance or disapproval. Naturally, we feel disgusted at certain objects or smells, like the smell of rotten food. We move away from such things because they may carry diseases. Thus, this type of emotion helps to protect us from harm or illness.

**စာပိုဒ်ရဲ့အနှစ်ချုပ်**

emotion ရဲ့ အမျိုးအစားတစ်ခုချင်းဆီကို သေချာစွာ ခွဲခြားရှင်းလင်းထားတာ ဖြစ်တယ်။ လူ့ခံစားချက်ဆိုတာ ပြောလိုရင်းဖြစ်တယ်။

ကျောင်းသား၊ ကျောင်းသူများ စွဲမြဲစွာ မှတ်သားရန် တွဲသုံးလေ့ရှိသော အသုံးအနှုန်းများ-

| | |
|---|---|
| sorry for sb | တစ်ယောက်ယောက်ကို စိတ်မကောင်းဖြစ်၊ သနား |
| sympathy for sb | တစ်ယောက်ယောက်ကို ကရုဏာထား၊ ညှာတာထောက်ထား |
| a way of V-ing | ..... တဲ့ နည်းလမ်းတစ်ရပ် |
| In other words | တစ်နည်းဆိုရသော် |
| instead of V-ing | .....(တစ်ခုခုဖြစ်စေမယ့်)အစား |
| reaction to (noun) | ..... ကို တုံ့ပြန်မှု |
| exposed to (noun) | ..... ကို ထိတွေ့စေ |
| in some way | တစ်နည်းနည်းဖြင့် |
| deal with (noun) | ..... ကိုင်တွယ်ဖြေရှင်း |
| in response to sth (noun) | ..... တုံ့ပြန်တဲ့အနေနဲ့ |
| result in (noun) | ဖြစ်ပေါ်လာ |
| move away from | ..... မှ ဝေးဝေးရှောင် |
| run away from (sth) | ..... မှ ရှောင်ထွက် |
| protect (noun) from | ..... မှ ကာကွယ် |

**Exercises**

**(A). Write the appropriate word or words to complete each sentence.**

1. I feel a lot of ..... for him, it can't be easy bringing up three children on your own nowadays.
2. His months spent researching prison life gave him greater ..... towards convicts. (အကျဉ်းသားများ)
3. Metta is known as ..... in Buddhism involves showing compassion (ကရုဏာထားမှု၊ စာနာမှု) towards all living things.
4. Raising our eyebrows is a sign of .....
5. Some people glide effortlessly through life with no real .....
6. Trembling with ....., the rich man handed over the money to the gunman.
7. His cheeks were aflame (ရဲတောက်သွား၊ နီရဲသွား) with .....
8. The old lady's ..... at the news of the death of her beloved son could have brought on a heart attack.
9. He noticed the ..... in his eyes when I talked about Diane whom he disliked.
10. The chairman resigned from the committee in ..... at inefficiency and corruption (အဂတိလိုက်စားမှု) of its members.

**(B) Give a full-sentence answer to each question below.**

1. What is sympathy?
2. Can you provide an example of when we feel sympathy?
3. How is empathy described?
4. When do we feel empathy for people?
5. What does it mean to treat someone with loving-kindness?
6. What is the feeling of surprise caused by?

**Answer keys**

**II. (A). 1. sympathy 2. sympathy 3. loving kindness 4. surprise 5. worries 6. fear 7. anger 8. distress 9. disgust 10. disgust**

**II (B).**

1. **Sympathy is a feeling of being sorry for someone who is in a bad situation.**
2. **Yes, we feel sympathy for flood victims or crash victims- we understand and care about their problems.**
3. **Empathy is usually described as a feeling that we understand and share someone else's emotions or experiences as if they were our own.**
4. **We feel empathy for people when they have lost their parents, sons or daughters.**
5. **To treat someone with loving kindness means we say do or think of something for their welfare. In other words, we try to make them happy instead of causing harm or suffering.**
6. **Surprise is a feeling that is caused by something unexpected.**

## သချိုင်္ဂာ — ပါမောက္ခ ဒေါက်တာမိမိ(မန္တလေးတက္ကသိုလ်)

၉ - ၉ - ၂၀၂၄ ရက်နေ့မှအဆက်-

**Example 1.**

Find the equation of the line through the point (–3,5,7) and perpendicular to

(a) $xy$ - *plane* (b) $yz$ - *plane* (c) $xz$ - *plane*.

Find the point of intersection of the line and plane.

အမှတ် (–3,5,7) ကို ဖြတ်ပြီး (a) $xy$ - *plane* (b) $yz$ - *plane* (c) $xz$ - *plane* တို့ကို ထောင့်မှန်ကျသော မျဉ်းဖြောင့် equation ကို ရှာပါ။ မျဉ်းဖြောင့်နှင့် ပြင်ညီ၏ ဖြတ်မှတ်ကို ရှာပါ။

**Solution**

(a) The equation of the line through the point (–3, 5, 7) and perpendicular to $xy$ - *plane* is
$x = -3, y = 5$ or (–3, 5, $z$).
The point of intersection of the line and $xy$ - *plane* is (–3, 5, 0) .

(b) The equation of the line through the point (–3, 5, 7) and perpendicular to $yz$ - *plane* is
$y = 5, z = 7$ or ($x$, 5, 7).
The point of intersection of the line and $yz$ - *plane* is (0, 5, 7).

(c) The equarion of the line through the point (–3, 5, 7) and perpendicular to $zx$ - *plane* is
$x = 3, z = 7$ or (–3, $y$, 7).
The point of intersection of the line and $xz$ - *plane* is (– 3, 0, 7).

➢ Note that

| | | |
|---|---|---|
| • equation of | $x$ – *axis*: | $y = 0, \quad z = 0$ |
| • equation of | $y$ – *axis*: | $x = 0, \quad z = 0$ |
| • equation of | $x$ – *axis*: | $x = 0, \quad y = 0$ |

**Distance between two points**

The distance between two points $P(x_1, y_1, z_1)$ and $Q(x_2, y_2, z_2)$ is

$$PQ = \sqrt{(x_2 - x_1)^2 + (y_2 - y_1)^2 + (z_2 - z_1)^2}$$

## မြန်မာစာ

၂ - ၉ - ၂၀၂၄ ရက်နေ့မှအဆက်-

### အပိုင်း(၂) အခန်း (၂) မြန်မာကဗျာရွေးချယ်ချက် ဩဝါဒထူးပျို့

ပထမဦးစွာ ဩဝါဒထူးပျို့ရဲ့ စာဆိုအမည်၊ ခေတ်နဲ့ ကဗျာအမျိုးအစားကို အပိုင်မှတ်သားထားရပါမယ်။ **"မှတ်ဖွယ်မှတ်ရာ ဩဝါဒ၊ ကုန်းဘောင်ခေတ်ပျို့ ဦးဩဇ"** ဆိုပြီး လင်္ကာတိုနဲ့ မှတ်သားထားရင် မရောထွေးတော့ဘူးပေါ့။

ကဗျာအမှာစာပါ အချက်အလက်တွေကို

၁။ စာဆို၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ ကဗျာ၊ စာအုပ်နှင့်ဆိုင်သော အချက်အလက်များ

၂။ နေရာဒေသနှင့် ဆိုင်သော အချက်အလက်များ

၃။ အချိန်အခါ၊ ခုနှစ်သက္ကရာဇ်နှင့်ဆိုင်သော အချက်အလက်များ ဆိုပြီး ကဏ္ဍ (၃) ရပ်ခွဲပြီး လေ့လာမှတ်သားသင့်ပါတယ်။ ဒါမှသာ မေးခွန်းနံပါတ် ၁။ (က)၊ (ခ)၊ (ဂ) အတွက် အဆင်သင့် ဖြစ်မှာပါ။

**(၁)။ စာဆို၊ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ စာအုပ်နှင့် ဆိုင်သော အချက်အလက်များ**

၁။ ဩဝါဒထူးကဗျာသည် စိန္တကျော်သူ ဦးဩ ရေးဖွဲ့သော ပျို့ကဗျာဖြစ်သည်။

၂။ ဦးဩ၏ အဖမှာ ဦးဇေယျ၊ ဒေါ်ပု ဖြစ်သည်။

၃။ ဦးဩသည် ငယ်ရွယ်စဉ်အခါကာလ သာမဏေကျော်ဘဝ ကပင်လျှင် ကဗျာ၊ လင်္ကာ ရေးသားပြုစုခြင်း၌ အထူးဝါသနာထုံသည်။

၄။ ဦးဩ၏ အရည်အချင်းကို ကျော်အောင်စံထား ဆရာတော်ဘုရားကြီးက သိမြင်တော်မူလေလျှင် သက္ကရာဇ် ၁၁၁၃ ခုနှစ်၊ အသက် ၁၃ နှစ်အရွယ်တွင် လူထွက်စေပြီးသော် ရတနာပူရအင်းဝရွှေမြို့တော်ကြီး၌ ရွှေထီးရွှေနန်းသိမ်းမြန်းစိုးစံတော်မူလျက်ရှိသော ဟံသာဝတီရောက် မင်းတရားကြီးထံ သွားရောက်အပ်နှံသည်။

၅။ ဟံသာဝတီရောက်မင်းတရားကြီးက "ရွှေတောင်ရာဇကျော်" ဘွဲ့ကို ၁၃ နှစ်သား အရွယ်မျှသာရှိသေးသော ဦးဩအား ပေး၍ ဘထွေးတော် သတိုးမင်းခေါင်အထံတော်တွင် သံတော်ဆင့်အဖြစ်ဖြင့် ထမ်းရွက်စေခဲ့သည်။

၆။ အသက် ၁၅ နှစ်မျှသာရှိသေးသော "ရွှေတောင်ရာဇကျော်" ဘွဲ့ခံ ဦးဩသည် သက္ကရာဇ် ၁၁၁၃ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ အင်္ဂါနေ့တွင် တောင်ငူရာဇာတောင်းပန်ရင်းရှိသော **"ကဝိလင္ကာသတ်ပုံ"** သံပေါက်ကျမ်းပုဒ်ရေ ၁၇၈၇ ပုဒ်ကို ရေးသားစီရင်ပြီးစီးခဲ့သည်။

၇။ အလောင်းမင်းတရားကြီးက "ရွှေတောင်ရာဇကျော်" ကို လွန်စွာမြောက်စားတော်မူ၍ ဆောင်းပါး၊ ရတုရေးရာဌာနလည်း လွန်စွာနှစ်ခြိုက်တော်မူသောကြောင့် "စိန္တကျော်သူ" ဘွဲ့ကို ပေးအပ်ခဲ့သည်။

၈။ ဦးဩသည် "ဩဝါဒထူးပျို့"ကို မရေးသားမီကလည်း ကြိုးကြား၊ ကြိုးကြားအားဖြင့် "ဘုန်းပဒေသာ၊ ခက်ဖြာဆင့်စပွင့်စလေ" ချီ "ကုန်းဘောင်မင်္ဂလာလူးတား" အပြင် ရတုပိုဒ်စုံ ပုဒ်ရေများစွာကိုလည်း ရေးသားဖွဲ့နွဲ့ခဲ့သည်။

၉။ ဩဝါဒထူးပျို့တွင် သိရှိလိုက်နာရမည့် လောကအဆုံးအမများကို ဖွဲ့ဆိုထားသည်။

**(၂)။ နေရာဒေသနှင့်ဆိုင်သော အချက်အလက်များ**

၁၀။ ဦးဩသည် သက္ကရာဇ် ၁၀၉၈ ခုနှစ်တွင် အလုံမြို့အထက်မောင်းထောင်ရွာ၌ ဖွားမြင်ခဲ့သည်။

၁၁။ ဦးဩသည် သက္ကရာဇ် ၁၁၂၀ ခုနှစ်တွင် **"ရာဇဝင်လင်္ကာ"** ကို ရေးသား၍ မိမိ၏အရှင်သခင်ဖြစ်သော ဗဒုံမြို့စား သတိုးမင်းလှရွှေတောင်ထံ ဆက်သွင်းသည်။

**(၃)။ အချိန်အခါ၊ ခုနှစ်သက္ကရာဇ်နှင့်ဆိုင်သော အချက်အလက်များ**

၁၂။ ဦးဩသည် သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် "ဩဝါဒထူးပျို့" ကို စီရင်သည်။

၁၃။ စိန္တကျော်သူဦးဩသည် သက္ကရာဇ် ၁၁၃၃ ခုနှစ်၊ အသက် ၃၅ နှစ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

## ပါမောက္ခ ဒေါက်တာဇော်လေ့ကျင့်ခန်း

၁။ (က) အောက်ပါတို့ကို မှားလျှင် (မှား)၊ မှန်လျှင် (မှန်) ဟု ဖြေဆိုပါ။

(၁) ဩဝါဒထူးကဗျာသည် စိန္တကျော်သူ ဦးဩ ရေးဖွဲ့သော ပျို့ကဗျာဖြစ်သည်။

(၂) ဦးဩသည် သက္ကရာဇ် ၁၀၉၈ ခုနှစ်တွင် အလုံမြို့အထက်မောင်းထောင်ရွာ၌ ဖွားမြင်ခဲ့သည်။

(၃) ဦးဩသည် သက္ကရာဇ် ၁၁၂၂ ခုနှစ်တွင် "ဩဝါဒထူးပျို့" ကို စီရင်သည်။

၁။ (ခ) အောက်ပါတို့ကို ကွက်လပ်ဖြည့်ပါ။

(၁) ဩဝါဒထူးပျို့တွင် သိရှိလိုက်နာရမည့် ..... ကို ဖွဲ့ဆိုထားသည်။

(၂) ဦးဩ၏ အရည်အချင်းကို ..... က သိမြင်တော်မူသည်။

(၃) ဦးဩသည် သက္ကရာဇ် ၁၁၂၀ ခုနှစ်တွင် "....." ကို ရေးသား၍ မိမိ၏အရှင်သခင်ဖြစ်သော ဗဒုံမြို့စား သတိုးမင်းလှရွှေတောင်ထံ ဆက်သွင်းသည်။

၁။ (ဂ) အောက်ပါတို့မှ အဖြေမှန်ကို ရွေးပါ။

(၁) ဦးဩအား ဟံသာဝတီရောက် မင်းတရားကြီး ချီးမြှင့်ခဲ့သော ဘွဲ့အမည်မှာ ..... ဖြစ်သည်။

(က) ရွှေတောင်ရာဇကျော်ဘွဲ့ (ခ) နဝဒေးဘွဲ့

(ဂ) စိန္တကျော်သူဘွဲ့

(၂) ဦးဩအား စိန္တကျော်သူဘွဲ့ ..... က ပေးအပ်ခဲ့သည်။

(က) မင်းတုန်းမင်းကြီး (ခ) အလောင်းမင်းတရားကြီး

(ဂ) ဟံသာဝတီရောက် မင်းတရားကြီး

(၃) ဦးဩအသက် ၁၅ နှစ်က ..... ကို စီစဉ်ရေးသားခဲ့သည်။

(က) ကဝိလင္ကာသတ်ပုံ သံပေါက်ကျမ်း

(ခ) ရာဇဝင်လင်္ကာ (ဂ) ကုန်းဘောင်မင်္ဂလာလူးတား

(၄) ကဝိလင္ကာသတ်ပုံ သံပေါက်ကျမ်းတွင် ပုဒ်ရေ ..... ပါသည်။

(က) ၁၇၈၇ (ခ) ၁၇၈၈ (ဂ) ၁၇၈၆

### လေ့ကျင့်ခန်းအဖြေများ

၁။ (က) ၁။ မှန် ၂။ မှန် ၃။ မှန်

(ခ) ၁။ လောကအဆုံးအမများ ၂။ ကျော်အောင်စံထား ဆရာတော်ဘုရားကြီး ၃။ ရာဇဝင်လင်္ကာ

(ဂ) ၁။ (က) ရွှေတောင်ရာဇကျော်ဘွဲ့ ၂။ (ခ) အလောင်းမင်းတရားကြီး ၃။ (က) ကဝိလင္ကာသတ်ပုံ သံပေါက်ကျမ်း ၄။ (က) ၁၇၈၇

## ရူပဗေဒ

၉ - ၉ - ၂၀၂၄ ရက်နေ့မှအဆက်-

### CHAPTER (2) FORCES IN CIRCULAR MOTION

**1. Are the following statements TRUE (or) FALSE?**

(1) In the absence of the centripetal force, the object would move along a straight line.

(2) For the electron to move around the nucleus, the coulomb force between nucleus and electron provides the centripetal force.

(3) As a car makes a turn on umbanked road, the frictional force acting upon the tires provides the centripetal force for circular motion.

(4) To provide the necessary centripetal force to the automobiles, the road must be banked.

(5) For every banked curve, the entire centripetal force is supplied by the horizontal component of the normal force.

(6) The centrifugal force is not a real force.

(7) The centripetal force is a real force.

(8) An object is in a uniform circular motion, the net force acting on the object is zero.

(9) An object is in a uniform circular motion, the velocity of the object is constant.

(10) An object is in a uniform circular motion, the speed of the object is constant.

(11) An object is in a uniform circular motion, the acceleration of the object is constant.

**II. Fill in the blanks.**

(1) In the present of the centripetal force, the object would move in a .....

(2) For swing a ball on the end of a string in a circle, the centripetal force is supplied by .....

(3) The angle that the inclined track makes with horizontal is called .....

(4) Banking of roads is raising the outer edge of the curved road ..... than the inner edge.

(5) The normal force $F_N$ exerted by a banked road is ..... to the road.

(6) Centripetal force is the force acting towards the ..... of the circular path.

(7) Centrifugal force acts radially ..... from the centre of the circle.

## ပါမောက္ခဒေါက်တာထွဋ် (ရန်ကုန်တက္ကသိုလ်)

**III. Choose the correct answer from the following.**

(1) In a circular motion, an object requires a net force directed towards the centre of the circle. This net force is called .....
**(A. centripetal force, B. centrifugal force, C. tangential force)**

(2) In the absence of the centripetal force, the object would not move along a .....
**(A. straight line, B. circular path, C. tangential path)**

(3) When whirling a body attached to a string, a tension force is ..... to the direction of motion of a body.
**(A. normal, B. parallel, C. antiparallel)**

(4) Centrifugal pump is a hydraulic machine which converts mechanical energy into .....
**(A. electrical energy, B. chemical energy, C. hydraulic energy)**

(5) Removing the excess water by spin drying clothes in a washing machine is with the help of .....
**(A. centripetal force, B. centrifugal force, C. gravitational force)**

(6) Which force is acting on the ball to move around the circular path.
**(A. Tension force, B. Gravitational force, C. Centripetal force)**

(7) When the car is moving with constant velocity along a straight road, there is ..... on the person.
**(A. no net force, B. centripetal force, C. centrifugal force)**

(8) A ball attached to a string is whirled around a vertical circle at the bottom of the arc, .....
**(A. it has no net force.**
**B. it has a net force acting upward.**
**C. it has a net force acting downward.)**

**Answers**

I. (1) True (2) True (3) True (4) True (5) True (6) True (7) True (8) False (9) False (10) True (11) False

II. (1) circle (2) the tension in the string (3) angle of banking (4) higher (5) perpendicular (6) centre (7) away

III. (1) A (2) B (3) A (4) C (5)B (6)C (7) A (8) B

Grade-12 ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုသဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (ဖုန်း-09 981163924) ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

# မြန်မာ ဆို က ရေး တီး ပညာရှင်များမှ အတီး(ဆိုင်း)ပညာရှင်များ

ကိုဇော်ဌေး(ယဉ်ကျေးမှု)




ဆိုင်းပညာရှင်အဖြစ်သို့ ရောက်လိုသူတစ်ဦးသည် ငယ်ရွယ်စဉ်အခါမှစ၍ အားကိုးလောက်သော ပညာရှင် ဆိုင်းဆရာကြီးထံ၌ နှစ်ရှည်လများ တပည့်ခံပြီးလျှင် ဆိုင်းသမားအဖြစ်မှ ပတ်တီးလက်ထောက်၊ ပတ်တီးခေါင်းဆောင်အဖြစ်သို့ တစ်စတစ်စ တိုးတက်ရောက်ရှိသည့်တိုင်အောင် အထူးဝီရိယစိုက်၍ ပညာဆည်းပူးပါမှ ဆိုင်းဆရာအဖြစ်သို့ ရောက်ရှိနိုင်လေသည်။ ဤကဲ့သို့သော ဇွဲ၊ ဝီရိယဖြင့် အားခဲလေ့လာ ကြိုးစားခဲ့ကြသဖြင့် မြန်မာနိုင်ငံ ဆိုင်းလောကတွင် ကျော်ကြားခဲ့ကြသော ဆိုင်းဆရာများသည် မြန်မာမင်းလက်ထက်မှစ၍ ယနေ့တိုင်အောင်ပင် အသီးသီးပေါ်ထွက်ခဲ့ကြလေသည်။ သို့ရာတွင် အချို့သော ဆိုင်းဆရာအဆက်အနွယ်တို့သည် ရိုးရာဖြစ်သောဆိုင်းပညာကို ဆက်ခံလိုက်စားခြင်းနည်းပါးသဖြင့် တဖြည်းဖြည်းမှေးမှိန်တိမ်ကောသွားကြရသည်။ အချို့သော ဆိုင်းဆရာကြီးများ၏ သားမြေးတို့သည်ကား ဆိုင်းပညာကိုစွန့်၍ ဇာတ်သဘင်ပညာဖြင့် အသက်မွေးကြသည်။ အချို့မှာမူ ရိုးရာဆိုင်းပညာကို လိုက်စားပါသော်လည်း မိဘဘိုးဘွားများကဲ့သို့ ထူးချွန်ကျော်ကြားခြင်းမရှိကြချေ။ သို့ဖြင့် ဆိုင်းပညာရှင်ကြီးများ ဖြစ်ကြသည့် ‘ဆရာအုန်း’၊ ‘ဆရာလတ်’တို့၏ အဆက်အနွယ်များသည်မြန်မာနိုင်ငံ ဆိုင်းလောကတွင် တိမ်ကောခဲ့ကြရသည်။

ပဉ္စမသင်္ဂီယနာတင် မင်းတုန်းမင်းလက်ထက်၌ ဆိုင်းဆရာကြီး ဦးရောင်နီသည် နန်းသုံးဆိုင်းတော်ကြီးအဖြစ် ချီးမြှောက်ခန့်ထားခြင်း ခံရသည်။ ဦးရောင်နီသည် ကနောင်မြို့သားဇာတိဖြစ်သည်။ ၎င်း၏သားနှစ်ယောက်ဖြစ်သော ဦးရွှေလွှာနှင့် ဦးရွှေအိမ်တို့သည်လည်းကောင်း၊ မြေးများဖြစ်သူ ဦးရွှေလွှာ၏သား ဆရာစိုးနှင့် ဦးရွှေအိမ်၏သား ဦးရေချမ်းတို့သည်လည်းကောင်း၊ မြစ်ဖြစ်သူ ဆရာစိုး၏ သားမောင်ငယ်သည်လည်းကောင်း ဦးရောင်နီ၏ အမွေကို ဆက်ခံကာ ဆိုင်းဆရာများဖြစ်လာကြသည်။ ဆရာစိုးနှင့် မောင်ငယ်တို့သည် ရန်ကုန်မြို့ မင်းမနိုင်ကွက်သစ်ခေတ်၌ အတူနေထိုင် ဆိုင်းတီးခဲ့ကြကြောင်း နောက်ဆုံး သိရသည်။

သီပေါမင်းလက်ထက် ပါတော်မမူမီ လေးနှစ်ခန့်တွင် လက်ဝဲဆိုင်းမှ လက်ယာဆိုင်းတော်အဖြစ် ချီးမြှင့်ခြင်းခံရသူမှာ ဆိုင်းဆရာကြီး ဆရာဖေဖြစ်သည်။ ဆရာဖေသည် မန္တလေးမြို့ မဟာမုနိဘုရားကြီးအနီး အရှေ့ရွာသစ်သားဖြစ်သည်။ အရွယ်ရောက်သော် အရှေ့ရွာသစ်သူ ဒေါ်သစ်နှင့်အကြောင်းပါ၍ နောင်အခါ မြန်မာနိုင်ငံဆိုင်းလောကတွင် ဆရာစိမ့်ဟူ၍ ထင်ပေါ်ကျော်ကြားမည့် သားတစ်ယောက် ထွန်းကားသည်။ ဒေါ်သစ်ကွယ်လွန်သော် ဆရာဖေသည် မိကျောင်းတူရိယာကို တီးတတ်သော နန်းတွင်းအပျိုတော် မမလေးနှင့် အိမ်ထောင်ဆက်ပြန်ရာ သားတစ်ယောက်နှင့် သမီးနှစ်ယောက်ထွန်းကားသည်။ သားဖြစ်သူမှာ နောင်အခါ မြန်မာနိုင်ငံ ဆိုင်းလောကတွင် ရွာစားကြီးစိန်ဗေဒါဟု ကျော်ကြားမည့် ဦးမောင်ကလေးဖြစ်သည်။ သမီးကြီး ဒေါ်သီကား မိကျောင်းတီးပညာ၌ကျွမ်းကျင်၍ သမီးငယ် မယ်လှိုင်သည် နောင်အခါ နာမည်ကျော် အငြိမ့်မင်းသမီး မငွေလှိုင်ဟု ထင်ပေါ်ကျော်ကြားခဲ့သည်။

ရွာစားကြီးဆရာဖေသည် သီပေါမင်းလက်ထက်တွင် ဆိုင်းအလံလေးချက်၊ ‘ဘွဲ့ဖြူ’ စိန်ဆိုင်းဝိုင်းတစ်စုံနှင့် ဖန်ပဒိုင်းများကို ချီးမြှင့်ခြင်းခံရသည်။ ထို့နောက် သီပေါမင်းက ဆရာဖေအား နေမျိုးကျော်ခေါင်ဘွဲ့ပေးအပ်၍ ပလိပ်မြို့အနီးရှိဆီဆုံ ၁၀ ရွာကို စားစေသည့်အပြင် မန္တလေးမြို့တွင်း၌ နေထိုင်ခွင့်ပေးသည်။ ထိုနေရာကို “ဆိုင်းဝင်း”ဟု ခေါ်ဝေါ်ခဲ့ကြသည်။

### ဆိုင်းရာဇဝင်တွင် ထင်ရှားသူ

ဆရာဖေ၏တပည့်ဖြစ်သူ အမရပူရမြို့သား ဆရာပေသည်လည်း ဆိုင်းရာဇဝင်တွင် ထင်ရှားသူဖြစ်သည်။ ဆရာဖေသည် နန်းတွင်း၌ အသုံးတော်ခံခဲ့စဉ် အခါများက ဆရာပေအား မိမိနှင့်အတူ လိုက်ပါစေခဲ့သည်။ ဆရာပေသည် ဆရာဖေ၏ သားများဖြစ်ကြသော ဆရာစိမ့်နှင့် ဦးမောင်ကလေး(စိန်ဗေဒါ)တို့ကို ငယ်ရွယ်စဉ်အခါက ယင်းတို့၏ဖခင်ကြီး ဆရာဖေနှင့်အတူ ဆိုင်းအတတ်ကို အထူးဝါယမစိုက်ထုတ်ကာ သင်ကြားပေးခဲ့သူလည်းဖြစ်သည်။ သို့သော် ဆရာပေသည် ဆရာဖေ၏သားကြီး ဆရာစိမ့် ဆိုင်းခွဲ၍ ထောင်ပြီးသည့်နောက်မှသာလျှင် ဆိုင်းခွဲထောင်ခွင့်ကိုရရှိခဲ့သည်။ ဆိုင်းပညာကို သင်ကြားရာတွင် တင်းတိမ်ခြင်းမရှိသည့် ဆရာပေသည် ဆရာဖေနှင့် ခွဲခွာပြီးနောက် ဆိုင်းဆရာကြီး ဦးကျော်ဇံအား သူနှင့်အတူလိုက်ပါနေထိုင်ရန် ပန်ကြားသည်။ ထို့ပြင် မုံရွာခရိုင် အရာတော်မြို့မှ နဲ့ဆရာကြီး ဦးရွှေဖောင်၏သား မန္တလေးမြို့ ဂုဏ်တန်ရပ်နေ နဲ့ဆရာ ဦးမှင်ကိုပါ အတူခေါ်၍ မန္တလေးမှ ပြည်သို့စုန်ဆင်းခဲ့သည်။ နဲ့ဆရာ ဦးမှင်ကား အလင်္ကာကျော်စွာ ဦးဟံဖ၏ဖခင်ဖြစ်သည်။

ထိုအခါမှစကာ မြန်မာနိုင်ငံမြေလတ်ပိုင်း၌ ဆိုင်းပညာတိုးတက်ပြန့်ပွားခဲ့သည်။ မန္တလေးမြို့သည် အချက်အချာဌာနဖြစ်မြဲရှိသည်။ ဆရာဖေနှင့် ဦးကျော်ဇံတို့ထံ၌ တပည့်တပန်းများ လည်းပေါများလာသည်။ ယင်းတို့အနက် နဲ့ဆရာဦးမှင်၏သား ဦးဟံပ၊ ယင်း၏ညီ ဦးလှဖေနှင့် ဆရာပေ၏သား ဦးဘစံတို့ လည်းပါဝင်သည်။ ဆရာပေ၏သား ဦးဘစံနှင့် ဦးလှဖေတို့သည် ဆိုင်းပညာတွင် နာမည်ကျော်ပြီးမှ ကွယ်လွန်ခဲ့ကြသည်။

အဆုံးတိုင် သင်ကြားတတ်မြောက်သည်။ မိမိဖခင်ထံမှ ဆိုင်းခွဲထောင်ပြီးနောက် ရုပ်စုံစင်တော်များ၊ ဇာတ်ပွဲများနှင့် တွဲဖက်ခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံအောက်ပိုင်းသို့ စုန်ဆင်းလာ၍ နောင်အခါ ဦးဖိုးစိန်ကြီးဟု ထင်ပေါ်ကျော်ကြားလာမည့် မင်းသားမောင်ဖိုးစိန်နှင့် ဟင်္သာတမြို့တွင် စတင်တွဲဖက်ကပြခဲ့သည်။ ဆရာစိမ့်၊ မင်းသားမောင်ဖိုးသိုက်၊ အောင်ဗလ၊ နဲ့ဆရာဦးဇေယျာတို့သည် ကျော်ကြားသော ဇာတ်အဖွဲ့ကြီးတစ်ဖွဲ့အဖြစ် ကျော်ကြားခဲ့သူမှာ ရွာစားကြီး စိန်ဗေဒါခေါ် ဦးမောင်ကလေးဖြစ်သည်။ ဦးမောင်ကလေးကို အဖရွာစားကြီး ဆရာဖေနှင့် အမိ နန်းတွင်းသူ ဒေါ်မမလေးတို့မှ သက္ကရာဇ် ၁၂၄၄ ခုနှစ် တန်ဆောင်မုန်းလကွယ် (သောကြာနေ့)တွင် မန္တလေးမြို့ ဆိုင်းဝင်းရပ်၌ မွေးဖွားသည်။

### ၁၂ လုံးဒိုးခေါ် နရည်း

ဆရာစိမ့်သည် ဦးမောင်ကလေးနှင့် အဖေတူ အမေကွဲ ညီအစ်ကိုဖြစ်သည်။ ဦးမောင်ကလေးသည် ငယ်စဉ်အခါကပင် ၁၂ လုံးဒိုးခေါ် နရည်းကို ကြားရသူတိုင်း ဘဝင်စိမ့်အောင် တီးနိုင်သည်။ ဦးမောင်ကလေးသည် မိမိဖခင်ကြီး ဆရာဖေ၊ ယင်း၏တပည့်ကြီး ဆရာပေ၊ ဆိုင်းဆရာကြီး ဦးကျော်ဇံ၏ အစရှိသော ဆိုင်းပညာရှင်တို့၏ တီးလုံး၊ တီးကွက်မူအမျိုးမျိုးတို့ကို သင်ကြားခံယူခဲ့ရခြင်း၊ တူရိယာအမျိုးမျိုးကို တီးမှုတ်ခြင်းအတတ်တို့ကို လေ့လာတတ်ကျွမ်းခြင်းများကြောင့် ဆိုင်းအတတ်တွင် ပိုမို၍ လာဘ်ဖြင့်ခဲ့လေသည်။ ပညာစုံသောအခါ ဦးမောင်ကလေးသည် မင်းသား ဦးဖိုးကွန်း၊ မင်းသမီး ဒေါ်ထွေးလေးတို့ ဇာတ်အဖွဲ့နှင့် မန္တလေးမှ ရန်ကုန်သို့ ဆင်းလာခဲ့သည်။ ရန်ကုန်တွင် “ဗေဒါ...

> **“ဆိုင်းပညာရှင်အဖြစ်သို့ ရောက်လိုသူတစ်ဦးသည် ငယ်ရွယ်စဉ်အခါမှစ၍ အားကိုးလောက်သော ပညာရှင်ဆိုင်းဆရာကြီးထံ၌ နှစ်ရှည်လများ တပည့်ခံပြီးလျှင် ဆိုင်းသမားအဖြစ်မှ ပတ်တီးလက်ထောက်၊ ပတ်တီးခေါင်းဆောင်အဖြစ်သို့ တစ်စတစ်စ တိုးတက်ရောက်ရှိသည့်တိုင်အောင် အထူးဝီရိယစိုက်၍ ပညာဆည်းပူးပါမှ ဆိုင်းဆရာအဖြစ်သို့ ရောက်ရှိနိုင်လေသည်။ ဤကဲ့သို့သော ဇွဲ၊ ဝီရိယဖြင့် အားခဲလေ့လာကြိုးစားခဲ့ကြသဖြင့် မြန်မာနိုင်ငံ ဆိုင်းလောကတွင် ကျော်ကြားခဲ့ကြသော ဆိုင်းဆရာများသည် မြန်မာမင်းလက်ထက်မှစ၍ ယနေ့တိုင်အောင်ပင် အသီးသီးပေါ်ထွက်ခဲ့ကြ”**

ရွာစားကြီး ဆရာဖေ၏ နောက်၌ မြန်မာနိုင်ငံဆိုင်းလောကတွင် နှစ်ပေါင်းအတော်ကြာ ပြိုင်ဘက်ကင်းသူအဖြစ် ထင်ရှားသူမှာ ဆရာစိမ့်ဖြစ်သည်။ ဆရာစိမ့်ကို အဖ ရွာစားကြီးဆရာဖေနှင့် အမိ ဒေါ်သစ်တို့မှ သက္ကရာဇ် ၁၂၃၄ ခုနှစ်တွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးအနီး အရှေ့ရွာသစ်၌ဖွားမြင်သည်။ အသားညို သဖြင့် သူ့ကိုကျီးကန်းကလေးဟု ခေါ်သည်။ ငယ်ရွယ်စဉ်ကပင် မိမိ၏ဖခင်ကြီး ဆရာဖေနှင့် ဆရာဖေ၏တပည့်ကြီးဖြစ်သူ ဆရာပေတို့ထံတွင် ဆိုင်းအတတ်ကို အထူးလေ့လာသင်ကြားသည်။ ဖခင်ကြီး ဆရာဖေ ရွှေနန်းတော်တွင်းသို့ အသုံးတော်ခံ ဝင်ရောက်သောအခါများတွင်လည်း အတူလိုက်ပါသွားလေ့ရှိသည်။ စောင်းအတတ်ကို ဒေဝဏ္ဏန္ဒာ ဦးမောင်မောင်ကြီးထံ၌လည်းကောင်း၊ မိကျောင်းတီးအတတ်ကို ဆေးဆရာကြီး မိကျောင်း ဝိဇ္ဇာ ဦးမောင်မောင်ကြီးထံ၌ လည်းကောင်း လေ့လာသင်ကြားသည်။ ဆိုင်းပညာကို ပတ်စာတင်နည်းမှစ၍ အစ ထင်ရှားခဲ့သည်။ ဆရာစိမ့်သည် မန္တလေးသူ ဒေါ်တိုးနှင့်အကြောင်းပါရာ နာမည်ကျော် စန္ဒရားမမကြီးဟူသော သမီးတစ်ယောက်ကိုဖွားမြင်သည်။ မြန်မာနိုင်ငံအောက်ပိုင်းသို့ ရောက်သောအခါ ဒုတိယအိမ်ထောင်ဖက်အဖြစ် ဦးဖိုးစိန်(မင်းသားမောင်ဖိုးသိုက်)၏ အစ်မဝမ်းကွဲတော်သူ ဒေါ်စိန်မြိုင်နှင့် လက်ဆက်ခဲ့ပြန်ရာ တစ်ဦးတည်းသောသား ဦးဘမောင်ကို ဖွားမြင်သည်။ ဦးဘမောင်သည် နာမည်ကြီးဆိုင်းဆရာ ဦးဘမောင်အဖြစ် ထင်ရှားလာခဲ့သူဖြစ်သည်။ ဆရာစိမ့်သည် ပတ်ရင်းကောင်းခြင်း၊ ပတ်သံသာခြင်း၊ အခြောက်အလှန့်ကောင်းခြင်းတို့ကြောင့် မြန်မာနိုင်ငံအတီး(ဆိုင်း)လောကတွင် ပြိုင်ဘက်ကင်းသူအဖြစ် ထင်ရှားသည်။ ၁၂၇၈ ခုနှစ်တွင် မန္တလေးမြို့၌ပင် ဆရာစိမ့် ကွယ်လွန်ခဲ့သည်။

ဆရာစိမ့် ကွယ်လွန်ပြီးနောက် မြန်မာနိုင်ငံဆိုင်းလောကတွင် နှစ်ပေါင်း ၃၀ မျှ ပြိုင်ဘက်ကင်းသူအဖြစ် ထင်ရှားဇေဒါ နှင့်ဘူးကို ဘယ်သူခဲ့ ပြောဟဲ့ ဗေဒါ မိဗေဒါ”ဟု အစချီသော သီချင်းကို တီးပြရာ သူ၏လက်သံကို ရန်ကုန်လူထုက အထူးနှစ်ခြိုက်ပြီးလျှင် သူ့အား ဗေဒါမောင်ကလေးဟု ခေါ်စမှတ်ပြုသည်။ မန္တလေးသို့ ပြန်ရောက်သောအခါ ဦးမောင်ကလေး၏သတင်းမှာ ပိုမိုသင်းပျံ့လာပြီး “စိန်ဗေဒါ” ဟူသောအမည်ကို လူထုပရိသတ်ထံမှ ခံယူရရှိခဲ့လေတော့သည်။ စိန်ဗေဒါ ခေါ် ဦးမောင်ကလေးသည် ၁၂၇၂ ခုနှစ်တွင် အိန္ဒိယပြည် ရတနာဂီရိစံ သီပေါမင်းထံသို့ အသုံးတော်ခံသွားခဲ့သည်။ သီပေါမင်းက ဦးမောင်ကလေးအား “နေမျိုးဗလကျော်သူ” ဟူသော ဘွဲ့တံဆိပ်နှင့်အတူ ရွှေဆိုင်းအလံ လေးချက်၊ ဖန်ပဒိုင်းတို့ကို ချီးမြှင့်လိုက်သည်။ ၁၂၇၃ ခုနှစ်တွင်လည်း ဦးမောင်ကလေးသည် သီပေါမင်း၏ သမီးတော်များ နားထွင်းမင်္ဂလာပွဲတွင် အသုံးတော်ခံရန် ရတနာဂီရိသို့ ဒုတိယအကြိမ် ရောက်ခဲ့သည်။

စာမျက်နှာ ၂၃ သို့ ❖

# ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် ခရိုင်ပေါင်းစုံ အသက် ၂၀ နှစ်နှင့်အောက် အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ



ရန်ကုန် စက်တင်ဘာ ၂၂

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအားကစားပွဲတော် ခရိုင်ပေါင်းစုံ အသက် ၂၀ နှစ်နှင့်အောက် အမျိုးသား/ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏဒ္ဒ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် တာဝန်ရှိသူများက လှည်းကူးခရိုင်နှင့် အလုံခရိုင် အသင်းတို့၏ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုအားကြည့်ရှုအားပေးပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် အကောင်းဆုံးအားကစားဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ခရိုင် ၁၄ ခုမှ အမျိုးသား အမျိုးသမီးအသင်း ၂၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကို အလုံခရိုင် အသင်းကလည်းကောင်း၊ ဒုတိယဆုကို လှည်းကူးခရိုင်အသင်းက လည်းကောင်း၊ တတိယဆုကို တွံတေးခရိုင် အသင်းကလည်းကောင်း၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် ပထမဆုကို တွံတေးခရိုင်အသင်းက လည်းကောင်း၊ ဒုတိယဆုကို ဒဂုံမြို့သစ်ခရိုင်အသင်းက လည်းကောင်း၊ တတိယဆုကို သင်္ကန်းကျွန်းခရိုင် အသင်းကလည်းကောင်း ရရှိခဲ့ကြောင်း သိရသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)



# ဝမ်းတွင်းမြို့နယ် ရေဘေးသင့်ကျေးရွာများမှ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေး

ဝမ်းတွင်း စက်တင်ဘာ ၂၂

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူအင်အားဝန်ကြီးဌာနမှ မြို့နယ်မှူး ဦးစိုးမင်းနှင့်ဝန်ထမ်းများက ကွင်းဆင်း၍ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားဆောင်ရွက်ပေးခြင်းကို ယမန်နေ့က ဆောင်ရွက်ခဲ့သည်။

ဝမ်းတွင်းမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးအနေဖြင့် လူမှုဘဝပြည့်စုံစေရန်နှင့် ပြည်သူများ အခက်ခဲမရှိစေရန်အတွက် ရေဘေးကြောင့် ဆုံးရှုံးသွားသည့် အိမ်ထောင်စုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို အိမ်တိုင်ရာရောက် ကွင်းဆင်း၍ ဆောင်ရွက်ပေးခြင်းဖြစ်ပြီး ထိုသို့ရေဘေးသင့်ကျေးရွာများသို့ မြို့နယ်မှူး ဦးစိုးမင်းနှင့်ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ရာတွင် ကိုင်းကျေးရွာအုပ်စု၊ ဆူးပန်းကျေးရွာအုပ်စု၊ ညောင်ဦးဖီးကျေးရွာအုပ်စုတို့မှ ရေဘေးသင့်ပြည်သူများ၏ အိမ်ထောင်စုစာရင်း ၂၅၀၊ နိုင်ငံသားစိစစ်ရေးကတ် ၃၆၀ တို့အား ဆောင်ရွက်ပေးခဲ့ကြပြီး ကျန်ရှိသည့် ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ◎ လေဖိအားနည်းဆဲလ်မှ အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/၈လ

# အားကစားမြှင့်တင် စိတ်လန်းရှင် ဆန့်ကျင်မှုးယစ်ဆေး

❖ စာမျက်နှာ ၂၂ မှ

မြန်မာနိုင်ငံမှ ပင်လယ်ရပ်ခြားတိုင်းတစ်ပါးများသို့ သွားရောက်ခဲ့သော ဆိုင်းဆရာများအနက် စိန်ဗေဒါ ခေါ် ဦးမောင်ကလေးသည် ပထမဆုံး သွားရောက်ခဲ့သူဖြစ်သည်။ သူ၏ဇနီးမှာ အကတွင် ဝါသနာထုံသော ညောင်လေးပင်မြို့သူ ဒေါ်စိန်မေဖြစ်၍ သားသမီးတစ်ယောက်မျှ မထွန်းကားခဲ့ချေ။ သူ၏ နဲ့တပည့်များမှာ ဆရာဆယ်၊ ဦးချစ်မောင်တို့ဖြစ်၍ ဆိုင်းတပည့်မှာ စိန်ဂျက်ရိုး၊ စိန်ကျော်တင့်တို့ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း လည်ချောင်းတွင် ကင်ဆာရောဂါစွဲကပ်သဖြင့် ပြန်တန်ဆာမြို့မှ သူ၏တပည့်မိတ်ဆွေဖြစ်သူ မြန်မာညွန့်၊ ဦးချစ်မောင်နှင့်အတူ ရန်ကုန်သို့ ဆင်း၍ ဆေးကုရင်း ၁၃၀၄ ခုနှစ် တော်သလင်းလဆုတ် ၁၄ ရက်နေ့တွင် ရွှေတောင်တန်း၌ ကွယ်လွန်ခဲ့သည်။

လွတ်လပ်သော မြန်မာနိုင်ငံခေတ်တွင် ဆိုင်းပညာရှင် ဦးဟံပမှာ ထင်ရှားလာသည်။ ဦးဟံပကို သက္ကရာဇ် ၁၂၅၀ ပြည့်နှစ်တွင် မန္တလေးမြို့၌မွေးဖွားသည်။ သူ၏ဖခင်မှာ နာမည်ကြီးနဲ့ဆရာ ဦးမင်းဖြစ်သည်။ ဦးဟံပသည် ဆရာမိဘတို့ခွင့်ပြုချက်အရ ပခန်းဆရာညီ၏ ရုပ်သေးနှင့် စတင်တွဲဖက်ခဲ့သည်။

ထို့နောက် ဟင်္သာတသို့စုန်ဆင်းကာ ဗလာဆိုင်းတီးနေခဲ့သည်။ အသက် (၂၇) နှစ်အရွယ်တွင် ဦးစိန်ကတုံး၏ဇာတ်အဖွဲ့နှင့်တွဲခဲ့သည်။ ထို့နောက် ဝါးခယ်မမြို့သို့ စုန်ဆင်း၍ ကာလအတော်ကြာနေခဲ့သည်။ အသက်(၃၁)နှစ်အရွယ်တွင် ဆရာစိမ့်၏ဇနီး ဒေါ်တိုးကခေါ်၍ မန္တလေးမြို့သို့တက်ကာ ကွယ်လွန်သူဆရာစိမ့်၏ ဆိုင်းကို သုံးနှစ်မျှတီးခဲ့သည်။ ဦးဟံပသည် အထက်သားဖြစ်သော်လည်း အောက်ပြည်၌သာ အနေအထိုင်များ၍ မြစ်ဝကျွန်းပေါ်ဒေသတွင် ထင်ရှားကျော်ကြားခဲ့သည်။ စိန်ဗေဒါကွယ်လွန်ပြီးနောက်မှ မန္တလေးမြို့သို့ သွားရောက်နေထိုင်ခဲ့သည်။ ၁၉၅၂ ခုနှစ်ပြည်တော်သာအခမ်းအနား၌ မန္တလေးမြို့မှ ပြည်တော်သာအဖွဲ့ကြီးနှင့်အတူ ရန်ကုန်မြို့သို့ ရောက်လာပြီး များမကြာမီပင် နိုင်ငံတော်၏ ဆိုင်းအဖွဲ့ခေါင်းဆောင်အဖြစ် ချီးမြှောက်ခြင်းခံရသည်။ လွတ်လပ်ပြီးခေတ်တွင် ဦဟံပသည် ဆိုင်းဆရာများထဲမှ ပထမဆုံးအလင်္ကာကျော်စွာဘွဲ့ ရရှိသူဖြစ်သည်။ ထို့ပြင် ထိုင်း၊ တရုတ်၊ ဆိုဗီယက်နိုင်ငံများသို့ ဆိုင်းဆရာများထဲမှ ပထမဆုံးသွားရောက်ခဲ့သူလည်းဖြစ်ခဲ့သည်။ ဦးဟံပသည် တွံတေးဆံထောက်ခေါ် မင်းသမီးဒေါ်ငွေသင်နှင့် အကြောင်းပါ၍ မောင်ညွန့်လှိုင်ခေါ် သားတစ်ယောက် ထွန်းကားသည်။ ဦးဟံပသည် အမည်နှင့်လိုက်အောင် ဆိုင်းတီးသောအခါ ဟန်ပါသည်။ သူ၏ ပတ်သံမှာ မာ၍ကြည်သည်။

ဦးဖိုးစိန်၏ ဇာတ်အဖွဲ့၌ ပတ်မထိန်းအဖြစ်မှ ဆိုင်းဆရာကြီးအဖြစ်သို့ ရောက်ရှိထင်ရှားလာသူမှာ ဦးဘမောင်ဖြစ်သည်။ ဦးဘမောင်ကို ဆရာစိမ့်နှင့် အမိ ဒေါ်စိန်မြိုင်တို့မှ မွေးဖွားသည်။ ဆရာစိမ့်သည် ရွာစားကြီးစိန်ဗေဒါ၏ အစ်ကိုဖြစ်သည်။ ဒေါ်စိန်မြိုင်မှာ ဦးဖိုးစိန်ကြီး၏ အစ်မဝမ်းကွဲဖြစ်သည်။ ထို့ကြောင့် ဦးဘမောင်သည် မျိုးရိုးအားဖြင့်လည်းကောင်း၊ အဖသည်လည်းကောင်း၊ အမိသည်လည်းကောင်း၊ ဦးလေးတော်သူများသည်လည်းကောင်း ဆိုင်းလောက၊ ဇာတ်လောကတွင် ထင်ရှားသူများဖြစ်သဖြင့် ငယ်ရွယ်စဉ်ကပင် ရိုးရာဆိုင်းပညာကို လေ့လာလိုက်စားခွင့်ရခဲ့သည်။ ဦးလေးတော်သူ ဦးဖိုးစိန်၏ဇာတ်အဖွဲ့နှင့် တွဲဖက်ခဲ့သည်။ ဦးလေးဝမ်းကွဲတော်သူ ဆိုင်းဆရာ ဆရာဆိတ်ထံတွင် ပတ်မထိန်းအဖြစ် ဝင်ရောက်ရာမှ ဆိုင်းဆရာကြီးအဖြစ် တက်လှမ်းကာ ဦးဖိုးစိန်၏ ဇာတ်၌ပင် နာမည်ကြီးခဲ့သည်။ ဦးဖိုးစိန်ကွယ်လွန်သောအခါ အခြားနာမည်ကြီး ဇာတ်များ၌ ဆက်လက်တီးခဲ့သည်။ ဦးဘမောင်သည် အဖ ရွာစားကြီး ဆရာစိမ့်နည်းတူ လက်ကျကောင်းသည်။ ပတ်သံသာသည်။ ဇာတ်ပို့သောပညာကို သူမတူအောင် ပို့နိုင်သည်။ လွတ်လပ်သောခေတ်၌ ဆိုင်းဆရာများထဲတွင် ပထမဆုံး ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခံရသူဖြစ်သည်။ နာမည်ကျော် ဇာတ်မင်းသမီးကြီး ဒေါ်ကြင်ဥနှင့်အကြောင်းပါ၍ သား တစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်။

ပြည်မြို့၌ ဆရာပေနှင့် တစ်ချိန်တည်း နာမည်ကြီးခဲ့သော ဆိုင်းဆရာမှာ စစ်ကိုင်းဆရာညီဖြစ်သည်။ ဆရာညီသည် ဗလာဆိုင်းတီးခြင်းတွင် နာမည်ကျော်သည်။ ပတ်ဝိုင်းအတွင်း ဘီလူးခေါင်းကိုဆောင်းလျက် ဒေါင်းတောင်များကို တပ်ဆင်ကာ ကသကဲ့သို့ တီးလေ့ရှိသည်။ ထိုအချိန်တွင် မြန်မာနိုင်ငံအောက်ပိုင်း၌ နာမည်ကျော်လျက်ရှိသူမှာ ဆိုင်းဆရာကြီး ဦးမိုးညှင်းဖြစ်သည်။ ဦးမိုးညှင်း ပုလဲပတ်စာပို့ အတီးကောင်းသည်။ ဆရာပေကဲ့သို့ သူ့တွင်လည်း တပည့်များစွာရှိသည်။ ဦးမိုးညှင်းသည် ၁၉၁၈ ခုနှစ်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်၌ ကွယ်လွန်သည်။ ဦးမိုးညှင်း၏ တပည့်များအနက် ဘိလပ်ပြန် ဆရာညိုညင် ခေါ် ဆရာညိုညဿ ၁၉၄၂ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ ဝင်ဘလီပြပွဲသို့ မင်းသား ဦးဘလတ်တို့၏ဇာတ်အဖွဲ့နှင့် အတူ သွားရောက်ခဲ့ရာမှ ဘိလပ်ပြန် ဆရာညိုဟု ထင်ရှားလာသူဖြစ်သည်။

မြန်မာ့အတီး (ဆိုင်း) ပညာရှင်များအနက် မန္တလေးနှင့် ပြည်မြို့တို့တွင် ထင်ရှားသည့် ဆရာနွဲ့၊ မြင်းခြံမြို့၌ ကျော်ကြားသည့် ဆရာပု၊ ဦးစိန်ကတုံးဇာ၏ ဖခင် ဆိုင်းဆရာကြီး ဦးကျော်ဦး၊ ဓနုဖြူမြို့မှ ဆိုင်းဆရာကြီး ဦးကျော်ခေါင်၊ မန္တလေးမြို့မှ ပန်းကန်ဆိုင်းတီးခြင်းဖြင့် နာမည်ကျော်သည့် ဆရာသား၊ မုံရွာမှ ဆရာဘိန်း၊ ဆရာစိမ့်၏ တပည့်များဖြစ်ကြသော ယိုးဒယားသိန်းမေ၏ခင်ပွန်း ဦးဘမောင်၊ ထိန်တောဦးဘိုးခ၊ ပဲခူးနယ်သား ဦးရွှေဖဲနှင့် ကြည့်မြင်တိုင် ဆရာကြွယ်တို့ဖြစ်ကြသည်။ မအူပင် အပိုင် မလက်တိုရွာမှ ဆိုင်းဆရာဦးဖိုးရစ်နှင့် ယင်း၏ညီ ဦးဘဖေတို့သည် ပုလဲပတ်စာပို့တီးခြင်း၌ ထင်ရှားကြသည့် ဆိုင်းဆရာများဖြစ်သည်။ ဆိုင်းဆရာကြီး ဦးမိုးညှင်း၏တပည့်ဖြစ်သူ ဦးထွန်းရင်သည်လည်း ရန်ကုန်တွင် ထင်ရှားခဲ့သည်။

သူသည် ဒုတိယကမ္ဘာစစ်တွင် ကွယ်လွန်ခဲ့သည်။

မန္တလေးမှ စိန်ဂျက်ရိုး၊ စိန်လေးမောင်၊ စိန်ကျော်တင့်၊ မုံရွာမှ ဆရာသက်၊ စိန်ဘထွန်း၊ မုံရွေး၌ စိန်ကြပေါ်တို့လည်း ထင်ရှားကြပြီး အတီး(ဆိုင်း)ပညာရှင်များ ဖြစ်ခဲ့ကြသည်။ ၎င်းတို့သည် ဆရာစိမ့်နှင့် စိန်ဗေဒါတို့၏ အဆက်အနွယ်များဖြစ်ကြသည်။

၁၉၉၃ ခုနှစ်မှ စတင်ခဲ့သော မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကြောင့် အတီး(ဆိုင်း)ပညာရှင်များ ဆက်လက်ပေါ်ထွက်ခဲ့သည်။ ဆိုင်းပညာအတွက် လက်ဆင့်ကမ်း အမွေထိန်းသိမ်းသယ်ဆောင်သူများဖြစ်သည်ဟု ဂုဏ်ပြုလိုပါသည်။ ယနေ့အချိန်ဝယ် ထိုပုဂ္ဂိုလ်များ၏ ဆက်လက်မျှဝေ ပညာအမွေကြောင့် အတီး(ဆိုင်း)ပညာသည် ခက်လက်ဝေဆာ သင်းပျံ့နေလျက်ရှိသည်။ မြန်မာ့ရိုးရာ အတီး(ဆိုင်း)ပညာရှင်များသည် သက်ရှည်ကျန်းမာစွာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို ဆက်လက်သယ်ဆောင် လက်ဆင့်ကမ်း နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်။ ယဉ်ကျေးမှုခံတပ်ဖြင့် ကမ္ဘာတည်သရွေ့ မြန်မာရိုးရာမည်ဟူသော စိတ်ကိုထားကာ မြန်မာ့ဂုဏ်ကို ဆက်လက် မြှင့်တင်နိုင်ကြမည်ဟု မျှော်လင့်နေမိပါတော့သည်။ ။

**ကိုးကား-**


၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၀)

၂။ ပြည်သူ့ချစ်သော အနုပညာရှင်များ (လူထုဒေါ်အမာ)

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရေဘေးသင့် ကျွန်းဦးခေတ်မီစံပြကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကျွန်းဦးခေတ်မီစံပြကျေးရွာသို့ သွားရောက်ပြီး ရေဘေးသင့်၍ ထိခိုက်ပျက်စီးသွားသော သန့်ရှင်းသောသောက်သုံးရေဖြန့်ဝေခြင်း လုပ်ငန်း ပြန်လည်ကောင်းမွန်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကရိန်းယာဉ်တင် လေမှုတ်စက်ကြီးဖြင့် အနက်ပေ ၄၀၀ တွင်းနက်အား တွင်းဆေးတွင်းမှုတ် ပြုလုပ်ခြင်း လုပ်ငန်းကိုလည်းကောင်း၊ ရေကျသွားပြီဖြစ်သော ကျေးရွာတွင်းလမ်းများနှင့် ဘက်စုံသုံးခန်းမ အတွင်းမှ သဲနုန်းများ ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ ကျေးရွာမူလတန်းလွန်ကျောင်း အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးအတွက် ရှင်းလင်းဆောင်ရွက်ပေးရမည့် လုပ်ငန်းများကိုလည်းကောင်း၊ ကျေးရွာအတွင်း ကျန်ရှိနေသောရေများ ထုတ်ပစ်နိုင်ရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေသော လုပ်ငန်းများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပျဉ်းမနားမြို့နယ်အတွင်း ရေဘေးသင့် ကျေးရွာ ၂၂ ရွာ၌ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ရေပေးဝေရေးစနစ်များ ပြန်လည်ကောင်းမွန်ရေးတို့အတွက် တွင်းဆေးတွင်းမှုတ်လုပ်ငန်းများကို လိုက်လံဆောင်ရွက်ပေးလျက်ရှိရာ ကျွန်းဦးကျေးရွာအနေဖြင့် ယနေ့ည နေပိုင်းတွင် တွင်းဆေးတွင်းမှုတ်လုပ်ငန်း ပြီးစီးမည်ဖြစ်၍ ရေဖြန့်ဝေပေးနိုင်ရေးအတွက် လျှပ်စစ်မီးရရှိရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျွန်းဦးခေတ်မီစံပြကျေးရွာသည် ပဲကြော်၊ ပဲလှော်လုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ် ဆောင်ရွက်လျက်ရှိရာ ၎င်းလုပ်ငန်းအပေါ် မှီခိုနေသည့် လုပ်သားဦးရေ ၄၀၀ ခန့်ရှိပြီး ပဲလှော်ဖို အကြီးအသေး ၁၆ ခု၌ လုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် ပဲလှော်ဖိုများ အသစ်ပြန်လည် တည်ဆောက်ရန်၊ ကုန်ကြမ်းရရှိရန် လိုအပ်လျက်ရှိသည်။ ယင်းလို အပ်ချက်များအပေါ် ကူညီပံ့ပိုးပေးနိုင်ရေးအတွက် ဒုတိယဝန်ကြီးသည် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်၌ ပြည်ထောင်စုရှေ့နေချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ

မော်လမြိုင် စက်တင်ဘာ ၂၂

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်များ ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ထပ်ဆင့်ရှင်းလင်း**

ဦးစွာ မွန်ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က စက်တင်ဘာ ၁၅ ရက်တွင် ကျင်းပသည့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဥပဒေအရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးလမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။



ထို့နောက် မွန်ပြည်နယ်ဥပဒေအရာရှိ ဒေါ်မိုးနှင်းလွင်က ဥပဒေရေးရာဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်များ၏ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးမှုများကို ထပ်ဆင့်ရှင်းလင်းပြီး ပြည်နယ်/ခရိုင်/မြို့နယ်ဥပဒေအရာရှိများက မိမိရုံးဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများ ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဥပဒေအရာရှိက ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

# စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိရောင်းချ

**ဘဝပုံရိပ်ကဗျာများနှင့် အခြားကဗျာများ**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန် စာမူဆု ကဗျာပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ လှလင် (မော်ဝန်းမြေ)၏ “ဘဝပုံရိပ်ကဗျာများနှင့် အခြားကဗျာများ” စာအုပ်ကို ရောင်းဈေး ၃၅၀၀ ကျပ်ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤကဗျာစာအုပ်တွင် ကဗျာပုဒ်ရေ ၇၉ ပုဒ် ပါရှိသည်။ အကြောင်းအရာတူရာ စုစည်း၍ အခန်း ၈ ခန်း ခွဲခြားတင်ပြထားသည်။ လေးလုံးစပ်ကဗျာ၊ ဒွေးချိုး၊ တြိချိုး၊ လေးဆစ်ချိုးကဗျာ၊ တျာချင်း၊ တေးထပ်စသည်ဖြင့် ကဗျာဖွဲ့နည်း အတန်အသင့်စုံလင်စွာပါရှိပြီး မြန်မာကဗျာဖွဲ့နည်းစနစ်များအတိုင်း မှန်ကန်စွာရေးဖွဲ့ထားသည်။ ကဗျာစာမူခေါင်းစဉ်တွင် ဖော်ပြထားသကဲ့သို့ပင် ကဗျာရှင်၏ ဘဝပုံရိပ်များ၊ လူငယ်ဘဝ ချစ်ခြင်းမေတ္တာဖွဲ့ကဗျာများ၊ မိဘဆရာတို့၏ကျေးဇူးတရားနှင့် အလှူဒါနတရားဓမ္မအသိအမြင်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးနှင့် တိုင်းချစ်ပြည်ချစ်စိတ် နိုးကြားစေသောကဗျာများ၊ ကျေးလက်ဘဝ၊ ကျေးလက်အလှကဗျာများ စသည်ဖြင့် အကြောင်းအရာစုံကို ရသထုံမွှမ်းရေးဖွဲ့ထားသဖြင့် ဖတ်ရှုဖွယ်ကောင်းသော ကဗျာစာအုပ်ကောင်းတစ်အုပ် ဖြစ်သည်။

**ကမ္ဘာဆုံးတိုင် မုန်းနေမည် ဝတ္ထုတိုများ**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရရှိသည့် စာရေးဆရာ နိုင်မျိုးသစ္စာ (နမ္မတူ) ၏ “ကမ္ဘာဆုံးတိုင် မုန်းနေမည် ဝတ္ထုတိုများ” စာအုပ်ကို ရောင်းဈေး ၃၀၀၀ ကျပ်ဖြင့် ဖြန့်ချိရောင်းချလျက်ရှိသည်။

ဤစာအုပ်တွင် ဝတ္ထုတို ၁၁ ပုဒ် ပါဝင်သည်။ ရှေ့နေစာရေးဆရာဖြစ်သောကြောင့် ကိုယ်တွေ့ဖြစ်ရပ်မှန်မှုခင်းများကို စာရေးခြင်းအတတ်ပညာဖြင့် ဝတ္ထုတိုများအဖြစ် ခံစားရေးဖွဲ့ထားသည်။ သို့သော် အဆိုပါမှုခင်းဝတ္ထုတိုများထဲတွင် ရှားပါးပြီး တွေ့မြင်ရခဲသော ရှေ့နေအချင်းချင်း ဖြစ်ပွားသည့် မှုခင်းများလည်းပါဝင်သည်။ “ရှေ့နေရှေ့ရပ်များသည် အချင်းချင်းဆက်ဆံရာတွင် မိသားစုစိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဓာတ်ထားရှိအပ်ပါသည်။ ရှေ့နေရှေ့ရပ်များသည် မဟုတ်မမှန် လုပ်ကြံသည့် တိုင်စာပစ်စာများ ရေးသားပေးခြင်း၊ ကိုယ်တိုင်လက်မှတ်ရေးထိုးပေးခြင်း မပြုသင့်ပါ” ဟု ရှေ့နေရှေ့ရပ်တို့၏ တာဝန်နှင့်ကျင့်ဝတ်များ ချမှတ်ထားသော်လည်း ဘဝတူချင်းကို ယုတ်မာစွာ လုပ်ကြံသဖြင့် တရားခံဝရမ်းပြေးဖြစ်သွားရသော ရှေ့နေ၏ဖြစ်ရပ်၊ ဥပဒေဘက်တော်သား ရှေ့နေကိုယ်တိုင် ဥပဒေ၏အရေးယူခြင်းခံရပြီး တရားခံဘဝရောက်သွားသော ဖြစ်ရပ်၊ စေတနာကို ဝေဒနာဖြစ်သွားကြရသည့် ရှေ့နေများ၏ဘဝ၊ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ် ဆိုသကဲ့သို့ ချစ်သူလူငယ်သဘာဝ ခေတ္တခဏတွေ့ဆုံကြရာမှ တစ်ဘဝစာ ခံစားသွားခဲ့ရသော ရင်နှင့်စရာဖြစ်ရပ်၊ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်ဆိုသကဲ့သို့ သူငယ်ချင်းနှင့် မမျှော်လင့်ဘဲ ဆုံမိရာမှ မူးယစ်ဆေးမှုဖြင့် အဖမ်းခံ၊ တရားစွဲခံရသည့်ဖြစ်ရပ်၊ ကောက်ကျစ်ယုတ်မာစိတ်ထားပြီး ငွေညှစ်သူ တရားစွဲသူများ၏ အရှက်တကွဲအကျိုးနည်းဖြစ်ရပ်များ၊ အိမ်ထောင်ရေးဖောက်ပြန်မှု၏ဒဏ်ကို မရှုမလှခံကြရသူတို့၏ ဖြစ်ရပ်များ စသည့်မှုခင်းဖြစ်ရပ်မျိုးစုံကို ရင်ခုန်လှိုက်မောဖွယ်ကောင်းအောင် ရသ၊ သုတအဖြာဖြာဖြင့် စေတနာပါစွာ ရေးဖွဲ့ထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၈)၊ အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆)နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင် ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူ ဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွက်ဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။



## တောင်ငူမြို့ရှိ ရေဘေးသင့်ပြည်သူများအား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**တောင်ငူ စက်တင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဝင်များသည် ယမန်နေ့က လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက တောင်ငူမြို့မိုးကောင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာမှ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီ၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းသည်။

ထို့နောက်အောင်စကြာမွန်မာရုံရေဘေးရှောင်စခန်းရှိ ရေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားပြီး အိမ်ထောင်စု ၁၂၀ အတွက် ဆန်၊ ဆီ၊ သောက်ရေသန့်၊ အဝတ်အထည်နှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို (တောင်ငူ)**

## ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန် စက်တင်ဘာ ၂၂**

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးသည် သက်ဆိုင်ရာသံရုံးများ၊ ဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မရွေစာနိုးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ဒူဘိုင်းရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးဌာန၊ လူစွမ်းအား အရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွား မြှင့်တင်ရေးဝန်ကြီးဌာနတို့နှင့် ချိတ်ဆက်၍ ကျန်ရှိသော လုပ်ခလစာရရှိရေး၊ နိုင်ငံကူးလက်မှတ် ပြန်လည်ရရှိရေးတို့ကို ညှိနှိုင်းဆောင်ရွက်ပေးသည့်အပြင် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းရုံးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် ပြန်လည်ထွက်ခွာခွင့် လက်မှတ်ရရှိခဲ့ပြီး မြန်မာနိုင်ငံသူ မရွေစာနိုးသည် စက်တင်ဘာ ၂၂ ရက်တွင် ဒူဘိုင်း-ရန်ကုန် ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ည ၁၀ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့သည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့မှ ညှိနှိုင်း ကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများအတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။



**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**

**ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနလာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။**




(၁၁-၉-၂၀၂၄ ရက်နေ့မှအဆက်)

"ဒါဖြင့် ခင်လေး ကြိုက်သလိုခေါ်မယ်နော်"

"အင်း ..."

သူ မျက်လွှာမတင် မပွင့်တပွင့်လေသံဖြင့် -

"ကိုကို ... လို့"

ကျွန်တော် ထမခုန်မိစေရန် စိတ်မနည်းထိန်းထားလိုက်ရ၏။ ကျွန်တော်ခေါ်ခိုင်း၍ ခေါ်လျှင်ပင်သည်မျှ ဝမ်းသာမည်မထင်။

"အစ်ကိုတစ်ယောက်လို ချစ်တာရော၊ ချစ်သူလို ချစ်တာရော ပေါင်းပြီးခေါ်ထားတာ။ ခင်လေးကိုပေးထားတဲ့ ကတိတွေကို မေ့မယ်ကြံရင် ခင်လေးခေါ်တာလေးကို အမြဲသတိရ"

"စိတ်ချ ခင်လေး၊ ခင်လေးကို ကိုယ်တစ်သက်လုံး သစ္စာရှိရှိ ချစ်နေမယ်။ ကိုကို ဆိုတာလေးတော့ တစ်ခေါက်လောက် ခေါ်လိုက်ပါဦးလို့"

"ဟင်း . . . သူပိုပြီ"

"မပိုပါဘူး ခင်လေးရယ်၊ ကိုယ်တကယ်ပြောတာပါ"

"ယုံပါတယ် ကိုကိုရယ်တဲ့၊ ကဲ . . . ကျေနပ်တော်မူပြီလား"

သည်လိုဆိုတော့လည်း မောင်ထွန်းဝေတစ်ယောက် လွန်မင်းစွာ ကျေနပ်တော်မူပြန်လေသတည်း။

"ဩော် . . . ခုမှ သတိရတယ်"

ခင်လေးက ပျာပျာသလဲလှည့်၍ တစ်ဖက်စွန်းတွင် တင်ထားသော သူ့ဆလင်းဘက်ကို ယူသည်။ ကျွန်တော် စိတ်ဝင်တစားဖြင့် သူ့လှုပ်ရှားမှုကို စောင့်ကြည့်သည်။

"ရော့ . . ."

ရင်ထဲဝယ် တုန်ခါမှုလေးတစ်ရပ် ပေါ်လာ၏။

ကံ့ကော်ရွက်ကလေး နှစ်ရွက် . . ။

အပေါ်က ကံ့ကော်ရွက်ကလေးပေါ်တွင် ကျွန်တော့်လက်မှတ်နှင့် သူ့လက်မှတ်။ ဟိုတစ်ခါက သူ့ကို ပြန်ပေးလိုက်လေသော ကံ့ကော်ရွက်လေး။

နောက်တစ်ရွက်တွင် ဘာမှမပါ။

ကျွန်တော် ကံ့ကော်ရွက်အလွတ်ကလေးကို ယူလိုက်ပြီး တစ်ဖက်ခြမ်းတွင် ကျွန်တော်လက်မှတ်ထိုးလိုက်သည်။

"ခင်လေးကို ဘယ်တော့မှ မမုန်းဘူး။ တစ်သက်လုံး သစ္စာရှိရှိနဲ့ ချစ်မယ်။ ပေးထားတဲ့ကတိတွေကိုလည်း မမေ့ပါဘူးဆိုတဲ့ စာချုပ်လေး။ ကဲ . . . ခင်လေးရော့"

ခင်လေးက ကျေနပ်စွာပြုံး၍ ကံ့ကော်ရွက်လေးကို ယူလိုက်ပြီး ကျန်တစ်ဖက်စွန်းတွင် သူ့လက်မှတ်ထိုးလိုက်သည်။

"ခင်လေးကလည်း ကိုကို့ကို ဘယ်တော့မှ မမေ့ဘူး။ တစ်သက်လုံး ကိုကို့ကို ချစ်သွားပဲ့မယ်။ ကိုကို့အနားက ခင်လေး ဘယ်မှ ထွက်မသွားပါဘူးဆိုတဲ့ ကတိနဲ့ လက်မှတ်ထိုးပါတယ်"

ထို့နောက် ခင်လေးက ကံ့ကော်ရွက်လေးနှစ်ရွက်ကို မျက်နှာချင်းဆိုင်ထပ်လိုက်ပြီး -

"ကဲ . . . ကံ့ကော်ရွက်လေးတွေက စာချုပ်၊ ကံ့ကော်ပွင့်လေးတွေက သက်သေ၊ ကံ့ကော်ပင်ကြီးက တရားသူကြီးပဲ။ ဒါ ခင်လေး စာကြည့်တိုက်ကိုသွားတုန်းက ကံ့ကော်တောထဲက ယူထားတာ။ ခင်လေးချစ်တဲ့သူနဲ့ စာချုပ်ဖို့ ကျွန်တော်သူ့ကို မြတ်နိုးစွာကြည့်၍ ပြုံးလိုက်သည်။ ပြီးမှ- ကံ့ကော်စာချုပ်လေးတွေက ပိုပြီးတော့တောင် ခိုင်လုံပါသေးတယ် ခင်လေးရယ်။ တစ်သက်လုံး သိမ်းထားမယ်နော်"

